မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ သောကြာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၁၅)

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်၏ သုံးနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း နိုင်ငံခေါင်းဆောင်အကြီးအကဲများက မြန်မာနိုင်ငံအပေါ် ဤသို့ ရှုမြင်ကြသည်

☆ ၂၀၀၆ ခုနှစ် အာဆီယံအသင်းဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ယုံကြည်။

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်

☆ မြန်မာနိုင်ငံ၏ ကံကြမ္မာကို မြန်မာနိုင်ငံကသာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိ။

ဗီယက်နမ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး မစ္စတာနွန်ဒွတ်မင်း

☆ မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်မှုအပေါ် မိမိတို့စာနာနားလည်။

ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာငုယင်ဗန်အန်

☆ မိမိတို့နှစ်နိုင်ငံသည် ချစ်ခင်ရင်းနှီးမှုရှိပြီး ထိပ်ဆုံးအကြီးအကဲမှ အောက်ခြေအဆင့်ထိ နားလည်မှုရှိ။

လာအိုနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံ

☆ မြန်မာနိုင်ငံအစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်မှု ဝမ်းသာမိ။

လာအိုဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်

☆ နိုင်ငံအလိုက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန်ကြိုးစားရာ၌ အကျိုးတူကိစ္စများတွင် လက်တွဲဆောင်ရွက်သွားမည်။

ကမ္ဘောဒီးယားခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်

☆ အာရှ–ဥရောပထိပ်သီးအစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများ အားလုံး ပါဝင်ရေး အခိုင်အမာရပ်တည်မည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်

မြန်မာ–ကမ္ဘောဒီးယားအကျိုးတူကိစ္စများတွေ့ဆုံဆွေးနွေးမှု နှစ်နိုင်ငံစလုံးနှင့်အာဆီယံအဖွဲ့အတွက်ပါအကျိုးဖြစ်ထွန်း စိန်ခေါ်မှုများကိုရင်ဆိုင်ကျော်လွှားနိုင်ရေး(CLMV) အချင်းချင်းနီးနီးကပ်ကပ်ပူးပေါင်းလုပ်ကိုင်ရန်အရေးကြီး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့်ပြည်သူများက အဆွေတော်ဝန်ကြီးချုပ်၏ချစ်ကြည်ရေးခရီးစဉ်ကိုကြိုဆို နှစ်နိုင်ငံနှင့်ဒေသတွင်းနိုင်ငံများ၏အကျိုးတူကိစ္စများ လက်တွဲပူးပေါင်းရင်းသာယာဝပြောရေးဖော်ဆောင်သွားမည်

ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ကမ္ဘောဒီးယားခေတ္တနိုင်ငံတော်အကြီးအကဲအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်အား ဩဂုတ် ၁၀ရက် ညနေ ၃နာရီ ၁၅ မိနစ်တွင် ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံသို့ သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်နှင့်အတူ

စာမျက်နှာ ၃ ကော်လံ ၁ *

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်တို့ ဩဂုတ် ၁၀ ရက်က ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံ ဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာတွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေး မြန်မာ–လာအို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ရုံမျှမက လွန်စွာရင်းနှီးသော ညီအစ်ကို နိုင်ငံများလည်း ဖြစ်ကြသည်။ နှစ်နိုင်ငံအကြား ပြဿနာတစ်စုံတစ်ရာမရှိသည့်အပြင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှု နယ်ပယ်များမှာ ပိုမိုတိုးပွားလျက်ရှိသည်ကို တွေ့ရသည်။ ၁၉၅၆ ခုနှစ်မှစ၍ နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့ပြီးနောက် ယခုအချိန်အခါတွင် နှစ်နိုင်ငံဆက်ဆံရေးမှာ မကြုံစဖူး ထူးထူးကဲကဲ ဖြစ်ထွန်းခိုင်မြဲလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ ဩဂုတ်လ ၉ ရက်နေ့ ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့မှတစ်ဆင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့သို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား ဩဂုတ်လ ၁၀ ရက်နေ့ နံနက်ပိုင်းတွင် ဗီယန်ကျင်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမသို့ သွားရောက် တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက–

နှစ်နိုင်ငံအကြား ဆက်ဆံရာ၌ ထိပ်ဆုံးအကြီးအကဲအဆင့်မှ အောက်ခြေအဆင့်အထိ ရင်းနှီးမှုရှိပြီး အပြန်အလှန်နားလည်မှုများလည်း ရှိပြီးဖြစ်ရာ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေးသည် တိုးတက်ရန်သာရှိကြောင်း၊ မြန်မာနိုင်ငံခေါင်းဆောင်များ နိုင်ငံအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်စေရန် မိမိက ဆန္ဒပြုပါကြောင်း

ဖြင့် ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် သမိုင်းကြောင်းအရ ဘဝတူများ ဖြစ်ကြသည့်အပြင် ရင်းနှီးချစ်ခင်ကြသည့် ညီအစ်ကိုနိုင်ငံများဖြစ်၍ ဒေသတွင်းကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များ၌ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်သွားပြီး အပြန်အလှန်ထောက်ခံမှု၊ အကူအညီပေးမှုများ ပြုလုပ်သွားမှာဖြစ်သည်ကို ယုံကြည်ပါကြောင်း

ဖြင့် ရင်းနှီးခင်မင်စွာ ပြန်လည်ပြောကြားခဲ့သည်။

ဗီယန်ကျင်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ကျင်းပသော နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က–

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် CLMV နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဧရာဝတီ–ကျောက်ဖယား–မဲခေါင် လေးနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစီအမံများနှင့်စပ်လျဉ်း၍ လည်းကောင်း မိမိတို့နှစ်နိုင်ငံ၏ ပူးပေါင်းအကောင်အထည်ဖော်မှုများအပေါ် အားရကျေနပ်မိပါကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်ရှိသည်များကို အချင်းချင်းပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း

ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က–

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်သည့်အတွက် ဝမ်းသာပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် တန်ဖိုးထားရာ၌ တူညီကြသည့်အပြင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်နားလည်မှုရှိရှိဖြင့် ဒေသတွင်းမှာရော နိုင်ငံတကာနယ်ပယ်မှာပါ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်း

ဆွေးနွေးပြောကြားသည်။

နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုထူထောင်ခဲ့သည့် အနှစ်(၅၀)ပြည့်မြောက်မည့် ၂၀၀၅ ခုနှစ်တွင် ချစ်ကြည်ရင်းနှီးမှုအထိမ်းအမှတ်အခမ်းအနားကျင်းပသွားရေး၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှု မြှင့်တင်ရေး၊ မဲခေါင်မြစ်ကူး ချစ်ကြည်ရေးတံတားတည်ဆောက်ရေး၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး စသည့်ကိစ္စရပ်များကိုလည်း ခင်မင်ရင်းနှီးစွာ ဆွေးနွေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် လွန်စွာရင်းနှီးသော ညီအစ်ကိုနိုင်ငံများဖြစ်သည့်အလျောက် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် သာယာဝပြောရေးအတွက် နှစ်နိုင်ငံပူးပေါင်း၍ တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းလုပ်ငန်းခွင်စစ်ဆေး

ရန်ကုန် ဩဂုတ် ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ယမန်နေ့ နံနက်ပိုင်းက ဘုရင့်နောင်လမ်းရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ အသစ်တည်ဆောက်လျက်ရှိသော တန်ချိန် ၁၂၀၀၀ ရေလုံသင်္ဘောကျင်းတည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးပါစီမောင်မောင်နှင့် တာဝန်ရှိသူများက ရေလုံကျင်း၏ ရေတံခါး၊ ကြမ်းခင်းနှင့် ဘေးနံရံများ အချောသပ်ပြီးစီးမှု၊ ကရိန်းလမ်းများ ပြီးစီးမှုများကိုလည်းကောင်း၊ လွန်းကျင်းတင်မည့် ရေယာဉ်ကြီးများ ခေတ္တရပ်နားရန် တည်ဆောက်ပြီးစီးလျက်ရှိသော ဆိပ်ကမ်းနှင့် Dolphin များကိုလည်းကောင်း၊ ရေလုံကျင်း၏ ရေစုပ်ခန်းများကိုလည်းကောင်း လိုက်လံပြသပြီး ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသောအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါရေလုံသင်္ဘောကျင်းကို Shandong Agricultural Industry and Commerce Group Corporation ကတည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးပါက မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းပိုင် ရေယာဉ်ကြီးများအထိ လွန်းတင်ပြင်ဆင်နိုင်မည် ဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအတွင်း အခြားဝန်ကြီးဌာနများမှ ဌာနပိုင်ရေယာဉ်များပြန်လည်မွမ်းမံပြင်ဆင်မှု လုပ်ငန်းများ၊ ရေယာဉ်သစ်များတည်ဆောက်နေမှု လုပ်ငန်းများ၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၌ ပြည်ပကုမ္ပဏီမှ လုပ်ငန်းအပ်နှံချက်ဖြင့် တည်ဆောက်ပြီးစီးသော သံကိုယ်ထည်ရွက်လှေရေချပြီး အချောသပ်လုပ်ငန်းများ လုပ်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲနှိုးဆော်

ရန်ကုန် ဩဂုတ် ၁၂

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီက ၂၀၀၄ ခုနှစ်အတွက် (၁၅)ကြိမ်မြောက် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ယခုနှစ်တွင် အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီက ကျင်းပပေးမည့် ပြိုင်ပွဲများမှာ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်၊ တပ်မတော်ဆိုင်ရာ အထွေထွေဗဟုသုတ ဉာဏ်စမ်းဖြေဆိုပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတို့ ဖြစ်သည်။

အဆိုပါပြိုင်ပွဲများအနက် ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲများအတွက် သတ်မှတ်ပေးထားသော ဦးတည်ချက်များမှ နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေးဦးတည်ချက်လေးရပ် ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများအတွက် စာလုံးရေကန့်သတ်ချက်များမှာ ပြိုင်ပွဲဝင် ဝတ္ထုတိုသည် စာလုံးရေ ၄၀၀၀ မှ ၈၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ဆောင်းပါးသည် စာလုံးရေ၃၀၀၀ မှ ၅၀၀၀ အတွင်း ပါရှိရမည်။ ပြိုင်ပွဲဝင်ကဗျာသည် စာလုံးရေ ၃၀၀ မှ ၉၀၀ အတွင်း ပါရှိရမည်ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ ခေါင်းစဉ်မှာ "ဖွံ့ဖြိုးဝေစည် မြန်မာပြည်" ဖြစ်သည်။

ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်လိုသူများသည် စာမူနှစ်စောင်နှင့် ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်၊ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းတို့နှင့်အတူ ဦးကိုကိုထွေး အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများသည် ဦးထွန်းမင်း တွဲဖက်အတွင်းရေးမှူး အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးကော်မတီ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေး ရက်သတ္တပတ် အစီအစဉ်အရ ပုဇွန်တောင်မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၇)တွင် ဩဂုတ်၁၁ ရက်က မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း–ဒေါ်ဖြူဖြူဝင်း၊ သား သီဟတင်ဝင်း မိသားစုက ကျောင်းသား ကျောင်းသူများအား နွားနို့ဆန်ပြုတ်အာဟာရ ကျွေးမွေးလှူဒါန်းနေစဉ်။ (၃၅၂)

*** ရှေ့ဖုံးမှ**

Secretary General of Senate and Chief of Cabinet Mr. Oum Sarith, Secretary of Senate and Minister of Foreign Affairs and International Cooperation Mr. Long Visalo, Under Secretary General of Senate Mr. Nhik Chhay Eng, Advisor of Samdech Chea Sim Mr. Pich Kim Sreang နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Hul Phany တို့ တက်ရောက်ကြသည်။

ချစ်ကြည်ရေးခရီး

ယင်းသို့တွေ့ဆုံနှုတ်ဆက်ရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် သမိုင်းကြောင်းအရဖြစ်စေ၊ ယဉ်ကျေးမှုနှင့်ကိုးကွယ်ရာဘာသာအရဖြစ်စေ တူညီမှုရှိကြသည့်နိုင်ငံများဖြစ်ကြကြောင်း၊ နှစ်နိုင်ငံ၏ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားနိုင်ရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ပို၍ရင်းနှီးချစ်ခင်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် မိမိသည် အာဆီယံနိုင်ငံများအတွင်း ချစ်ကြည်ရေးခရီးလှည့်လည်သွားရောက်လျက်ရှိပါကြောင်း၊ ယခုခရီးစဉ်၌ ဗီယက်နမ်၊ လာအိုနှင့် ယခုကမ္ဘောဒီးယားနိုင်ငံများသို့ရောက်ရှိလာခြင်းဖြစ်ပါကြောင်း။

အကျိုးဖြစ်ထွန်း

ယနေ့နံနက်ပိုင်းကလည်း မိမိနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကျိုးတူကိစ္စများ၊ ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများအပေါ် အမြင်ချင်း ပွင့်ပွင့်လင်းလင်း ဖလှယ်ခဲ့ကြကြောင်း၊ တွေ့ဆုံဆွေးနွေးမှုများသည်လည်း နှစ်နိုင်ငံစလုံးအတွက်ရော၊ အာဆီယံအဖွဲ့အတွက်ရော အကျိုးဖြစ်ထွန်းသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း။

ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့သည် အာဆီယံအဖွဲ့သို့ နောက်ပိုင်းမှသာအဖွဲ့ဝင်များဖြစ်လာကြသဖြင့် ဖွံ့ဖြိုးမှုအပိုင်း၌ အဖွဲ့ဝင်နိုင်ငံဟောင်းများကို အမီလိုက်နိုင်ရန်ကြိုးစားရဦးမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ (CLMV) နိုင်ငံတို့သည် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အချင်းချင်းနီးနီးကပ်ကပ် ထိထိရောက်ရောက် ညှိနှိုင်းပူးပေါင်းလုပ်ကိုင်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

လက်တွဲပူးပေါင်း

ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်က ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက အဆွေတော် ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်ကို ကြိုဆိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ကိုလိုနီနိုင်ငံများဘဝမှ ရုန်းကန်ထွက်လာခဲ့ရသော နိုင်ငံများဖြစ်ကြကြောင်း၊ နိုင်ငံအလိုက် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန်အားထုတ်ကြိုးစားရာ၌ နှစ်နိုင်ငံအကျိုးတူကိစ္စများ၊ ဒေသတွင်းနိုင်ငံများနှင့်အကျုံးဝင်သည့် အကျိုးတူကိစ္စများကို လက်တွဲပူးပေါင်းဆောင်ရွက်သွားရင်း မိမိတို့နိုင်ငံများ၏ သာယာဝပြောရေးကို ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံနှုတ်ဆက်ပွဲအပြီးတွင် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမှတ်တရလက်ဆောင်ပေးအပ်ပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်တို့ ဩဂုတ် ၁၀ ရက်က ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံ ဧည့်ခန်းမတွင် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ်ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင် ဦးဆောင်သောအဖွဲ့ဝင်များ ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ်အဆောက်အအုံ ဧည့်ခန်းမတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဩဂုတ် ၁၂

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့ (ဩဂုတ် ၁၅ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း (ဗဟန်း၃လမ်းထိပ်) ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကွမ်းခြံကုန်းမြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

အဆိုပါ ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် သင်္ကန်းနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဝတ္ထုငွေများကို

ဓမ္မဒူတ တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

မြောက်ဥက္ကလာပမြို့နယ် (ဃ) ရပ်ကွက် နွယ်နီလမ်း ရန်အောင်ဓာတ်ကြေစေတီတော်ဝင်း ဓမ္မာရုံ၌ မွန်ပြည်နယ် ဘီးလင်းတောင်စွန်း ဓမ္မဒူတ တောရ ပဓာနနာယက ဆရာတော် အရှင်ပညိဿရသည် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဩဂုတ် ၁၆ရက်မှ ၂၀ ရက်အထိ ညစဉ် ၇ နာရီမှစ၍ ငါးညတိုင်တိုင် ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ဦးစိုးညွန့် ဖုန်း–၂၂၄၅၈၀၊ ဦးကျော်ခိုင် ဖုန်း– ၂၄၆၁၄၀၊ ဦးကျော်စိုး ဖုန်း–၀၉–၅၀၁၄၂၆၊ ဦးကြိုင်မြင့် ဖုန်း–၂၉၅၉၈၈ နှင့် ဒေါ်ဥ ဖုန်း–၀၉၈၀၂၂၉၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

13-8 (03).p65 1 03/24/1905, 3:11 PM

အကျဉ်းသားများအား ကန်တပ်ဖွဲ့ဝင်များညှဉ်းပန်းနှိပ်စက်ခဲ့မှု အမေရိကန်ရှေ့နေများအသင်းက ပြစ်တင်ရှုတ်ချ

အတ္တလန္တာ ဩဂုတ် ၁၀

အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများအားညှဉ်းပန်းနှိပ်စက်ခြင်းနှင့်ပတ်သက်၍ အမေရိကန်ရှေ့နေများအသင်းက တနင်္လာနေ့၌ပြစ်တင်ရှုတ်ချလိုက်ပြီး အမေရိကန်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိုသို့ညှဉ်းပန်းနှိပ်စက်မှုကို တားမြစ်သော နိုင်ငံတကာဆိုင်ရာ ဥပဒေများကို အပြည့်အဝလိုက်နာစောင့်ထိန်းရန် ဘုရှ်အစိုးရအား တိုက်တွန်းလိုက်သည်။

အာဖဂန်နစ္စတန်နှင့် အီရတ်စစ်ပွဲများတွင် ဖမ်းဆီးမိသော အကျဉ်းသား များအား စစ်မေးရာတွင် အမေရိကန်စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်မှုတို့သည် နိုင်ငံကိုအရှက်ရစေပြီး ကမ္ဘာ၌ မိမိတို့၏ ရပ်တည်ချက်ကို ဖျက်ဆီးပစ်ရာရောက်ကြောင်း ရှေ့နေအသင်းက ထုတ်ပြန်သည့်ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ထောက်ခံ

အမေရိကန် ရှေ့နေများအသင်းသည် ယခင်က ဘုရှ်၏အကြမ်းဖက်မှု ဆန့်ကျင်ရေးမူဝါဒများကို အခိုင်အမာ ထောက်ခံခဲ့သည်။

သို့ရာတွင် တနင်္လာနေ့၌ ပြုလုပ်သော အစည်းအဝေး၌ ညှဉ်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးအဆိုကို တင်သွင်းခဲ့သော နယူးယောက်စီးတီး၏ ရှေ့နေများအသင်းဥက္ကဋ္ဌ ဘက်တီနာပလီမန်က မိမိတို့အနေဖြင့် နှုတ်ဆိတ်မနေနိုင်ကြောင်း ဖော်ထုတ်ပြောဆိုရမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စဉ်းစားသင့်

ဖမ်းဆီးခြင်းခံရသူများအပေါ် ပြုမူ ဆက်ဆံခြင်းနှင့် စပ်လျဉ်း၍ ကွန်ဂရက် လွှတ်တော်နှင့် မူဝါဒရေးဆွဲရေးအဖွဲ့တို့က ရေးဆွဲသည့် မူဝါဒများသည် အခြားနိုင်ငံများ၏ ဖမ်းဆီးခြင်းခံ ရဖွယ်ရှိသော အမေရိကန်နိုင်ငံသားများအပေါ် ပြုမူဆက်ဆံမှုမည်သို့ အကျိုးသက်ရောက်သည်ကို စဉ်းစားသင့်ကြောင်း အမေရိကန်ရှေ့နေများအသင်းက ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။

ဖြေရှင်းခဲ့ခြင်းမရှိ

အမေရိကန်အစိုးရသည် အဘူဂါရိပ်အကျဉ်းထောင်၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပြုမူဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ အပြစ်ပေးရန် ဆောင်ရွက်လျက်ရှိရာတွင် အကျဉ်းသားများအပေါ်ပြုမူဆက်ဆံမှုနှင့် ပတ်သက်၍ အခြေခံအကြောင်းအချက်များကို ကိုင်တွင်ဖြေရှင်းခဲ့ခြင်း မရှိကြောင်း ထိုရှေ့နေများအုပ်စုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ရဲအရာရှိတစ်ဦးအား ခုခံတိုက်ခိုက်ရေးသမားတို့ ဖမ်းဆီးထား

ဒူဘိုင်း ဩဂုတ် ၁၀

အယ်လ်ဂျာဇီရာရုပ်မြင်သံကြားသတင်းဌာနသည် အီရတ်ခေါင်းဆောင် မော့တာဒါအယ်လ်ဆာဒါအား သစ္စာခံသည့် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများထံမှဟု ဆိုသော ဗီဒီယိုတိပ်ခွေကို တနင်္လာနေ့က ထုတ်လွှင့်ရာ ယင်းတိပ်ခွေ၌ ပြောက်ကျားတို့က အီရတ်ရဲအရာရှိတစ်ဦးအား ၎င်းတို့ဖမ်းဆီးထားကြောင်း ပြောကြားထားသည်။

ပြန်လွှတ်ပေးမည်

ဆာဒါ၏မီဒီတပ်ဖွဲ့ဝင်များသည် ဗိုလ်မှူးချုပ်ရာအက်ဒ်မိုဟာမက်ခါဒါအား ဖမ်းဆီးထားကြောင်း၊ ဖမ်းဆီးထားသော ယင်းအုပ်စု၏အဖွဲ့ဝင်များအား လွှတ်ပေးသည်နှင့် ဗိုလ်မှူးချုပ် ရာအက်ဒ်မိုဟာမက်ခါဒါကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားက ပြောကြားသည်။

ဖတ်ပြနေခဲ့

အဆိုပါ ဗီဒီယိုတိပ်ခွေ၌ ရဲဝတ်စုံဝတ်ထားသူတစ်ဦးက ခုံပေါ်၌ထိုင်နေပြီး ထိုလူအားမျက်နှာဖုံးစွပ်ထားသူ လေးဦးက ရပ်လျက် ဝိုင်းထားသည်ကိုတွေ့ရသည်။ လူတစ်ဦးက ကြေညာချက်ကို ဖတ်ပြနေခဲ့သည်။

အမှန်မဖြစ်နိုင်

ထိုအကြောင်းအရာနှင့် ပတ်သက်၍ အီရတ်အာဏာပိုင်များ သို့မဟုတ် ဆာဒါရုံးက ချက်ချင်းအတည်ပြုခြင်းမရှိပေ။ ယင်းတိပ်ခွေကို အမှန်မဖြစ်နိုင်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ

နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ခိုက်မှုဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင်များကို ပြန်လည်ပစ်ခတ်ရန် ပြင်ဆင်နေသော အီရတ်ပြောက်ကျားတစ်ဦးအား ဩဂုတ်၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် အပြင်မထွက်ရ အမိန့်ထုတ်ပြန်

ဘဂ္ဂဒက် ဩဂုတ် ၁၀

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားအဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားနေမှုကြောင့် အီရတ်ကြားဖြတ်အစိုးရအဖွဲ့က ဘဂ္ဂဒက် မြို့၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် တနင်္လာနေ့က အပြင်မထွက်ရ အမိန့်ထုတ်ပြန်လိုက်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဒါဇင်များစွာသေဆုံး

အပြင်မထွက်ရအမိန့်သည် ညနေ ၄နာရီမှ နံနက် ၈ နာရီအထိ ဖြစ်ပြီး ယင်းအမိန့်သည် နောက်ထပ်ကြေညာချက်မထုတ်ပြန်မချင်း အတည်ဖြစ်သည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။လွန်ခဲ့သည့် ငါးရက်တွင် ဆာဒါစီးတီးအရပ်၌ အယ်လ်ဆာဒါ၏တပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် တိုက်ပွဲများဖြစ်ပွားခဲ့ကြရာ လူဒါဇင်များစွာ သေဆုံးခဲ့သည်။

တိုက်ပွဲဖြစ်ပွား

ထိုအချိန်ကာလ၌ပင် ဆာဒါ၏အဖွဲ့ဝင်များသည် ဘဂ္ဂဒက်တောင်ဘက် နာဂျက်ဖ်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများဖြစ်ပွားခဲ့ရာ လူရာပေါင်းများစွာ သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် ဘာဆာရာ၌တိုက်ပွဲဖြစ်ပွားစဉ် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးကြောင်းကြေညာ

လန်ဒန် ဩဂုတ် ၁၀

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ခုခံတိုက်ခိုက်ရေးပြောက်ကျားများနှင့် တိုက်ပွဲဖြစ်ပွားစဉ် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း လန်ဒန်ရှိ ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာသည်။

မိမိတို့ထိန်းချုပ်သည့်နယ်မြေအပြင်ဘက်၌ ခုခံ တိုက်ခိုက်ရေးသမားများနှင့် ဖြစ်ပွားသည့်တိုက်ပွဲ၌ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိကြောင်း ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက အတည်ပြု ပြောကြားသည်။ ယခုအခါ အခြေအနေမှာ ငြိမ်သက်သွားပြီဖြစ်ကြောင်း၊ ယခုသေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင်သည် ယခုနှစ်အတွင်း အီရတ်၌ ကိုးယောက်မြောက်သေဆုံးသော တပ်ဖွဲ့ဝင်ဖြစ်ကြောင်း ထိုပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

၂၀၀၃ ခုနှစ် မတ်လ၌ အမေရိကန်နှင့် အပေါင်းပါတပ်များ အီရတ်ကို ကျူးကျော် ဝင်ရောက်ခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင် ဦးရေမှာ ၆၂ဦးရှိသွားပြီဖြစ်သည်။

ပိုမိုပြင်းထန်

ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားရာ အီရတ်တောင်ပိုင်းတွင် ခုခံတိုက်ခိုက်ရေး ပြောက်ကျားများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များသည် ယခုရက်ပိုင်းအတွင်း၌ တိုက်ပွဲများ ပိုမိုပြင်းထန်လာလျက်ရှိသည်။ **(အင်တာနက်)**

ရှာဖွေစစ်ဆေး

ဘာဆာရာမြို့တွင် အီရတ်တို့ကို ရှာဖွေစစ်ဆေးနေသော ဗြိတိသျှတပ်ဖွဲ့ဝင်များအား ဩဂုတ်၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိုပက် ရေနံစိမ်းတစ်စည် ပျမ်းမျှဈေးနှုန်းဒေါ်လာ၄၀ကျော်အထိတက်

ဗီယင်နာ ဩဂုတ် ၉

ရေနံ ထုတ်လုပ်ရောင်းချသော နိုင်ငံများ အိုပက်မှ ရေနံစိမ်းတစ်စည်၏ ပျမ်းမျှဈေးနှုန်းသည် လွန်ခဲ့သည့်အပတ်၌ ငါးရက်အရောင်းအဝယ် ပြုရာတွင် ဒေါ်လာ ၄၀ကျော်အထိ ခုန်တက်သွားသည်။

မြင့်တက်

ရှေ့သီတင်းပတ်တွင်ရှိခဲ့သော ဈေးနှုန်းထက် ၁ ဒသမ ၇၃ ဒေါ်လာမြင့်တက်သွားသည်ဟု သိရသည်။

ပြောကြား

သောကြာနေ့၌ အိုပက်၏ပျမ်းမျှ ရေနံဈေးသည် တစ်စည်လျှင် ၃၉ဒသမ ၆၇ ထိ ဒေါ်လာစံချိန်တင် မြင့်တက်ခဲ့ကြောင်း ဗီယင်နာ အခြေစိုက် အိုပက်အတွင်း ရေးမှူး ရုံးက ပြောကြားသည်။

အိုပက်ဝန်ကြီးများသည် အိုပက်၏ ရေနံထုတ်လုပ်ရေးမူဝါဒကို ပြန်သုံးသပ်ရန်အတွက် စက်တင်ဘာ ၁၅ ရက်၌ ဗီယင်နာတွင် အစည်းအဝေးလုပ်ရန် အစီအစဉ်ရှိသည်။

ထိုးနှက်နိုင်

ရေနံဈေးနှုန်းမြင့်တက်မှုသည်ကမ္ဘာ့စီးပွားရေး တိုးတက်မှုကို အကြီးအကျယ် ထိုးနှက်နိုင်ကြောင်း စူးစမ်းလေ့လာသူများက ပြောဆိုသည်။

အင်တာနက်၊ဆင်ဟွာ

နှစ်နိုင်ငံအကြား ဖြစ်ထွန်းလျက်ရှိသောဆက်ဆံရေးနှင့် ရင်းနှီးစွာပူးပေါင်းဆောင်ရွက်ရေးအပေါ် ကျေနပ်အားရ ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားပူးပေါင်းအကောင်အထည်ဖော်သွားကြမည်

■ *ကျောဖုံးမှ*

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဆမ်ဒက်ဟွန်ဆင်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများနှင့်မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စောင့်ကြိုနှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့်ဇနီး ဒေါ်အေးမိနှင့် သံရုံးဝန်ထမ်းများနှင့်မိသားစုများ၊ နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်းကြိုဆိုကြသည့် ကမ္ဘောဒီးယားကျောင်းသား ကျောင်းသူများ၊ ပြည်သူများကို လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့်အတူ ဖနောင်ပင်မြို့ ဝန်ကြီးများရုံးသို့ ရောက်ရှိကြသည်။

သီးသန့်တွေ့ဆုံ

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့သည် ဝန်ကြီးများရုံး ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံကြသည်။

ရင်းနှီးခင်မင်စွာ နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ဖနောင်ပင်လေဆိပ်သို့ လိုက်ပါ ပို့ဆောင်နှုတ်ဆက်သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်အား ရင်းနှီးခင်မင်စွာ နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်က ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်တို့လည်း တက်ရောက်ကြသည်။

နှစ်နိုင်ငံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဝန်ကြီးများရုံးအစည်းအဝေးခန်းမ၌ မွန်းတည့် ၁၂နာရီတွင်ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးချုပ်ရုံးဝန်ကြီး Mr.Sok An၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Hor Nanthong၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ခရီးသွားလုပ်ငန်းဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြသည်။

ပူးပေါင်းအကောင်အထည်ဖော်

ယင်းသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံ ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ညှိနှိုင်းဖလှယ်ဆွေးနွေးကြသည်။ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်က အာဆီယံအဖွဲ့ ခိုင်မာစွာပေါင်းစည်းဖြစ်ပေါ်ရေး(ASEAN Integration)နှင့် စပ်လျဉ်း၍ အားထည့်လုပ်ကိုင်ဆောင်ရွက်နိုင်သည်များကို မိမိတို့နှစ်နိုင်ငံ ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အာရှ– ဥရောပထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ အဖွဲ့ဝင်နိုင်ငံ အားလုံး အဆင့်အတန်းတူ ပါဝင်နိုင်ရေးကို အခိုင်အမာရပ်တည်ထားကြောင်း ပြောကြားသည်။

၎င်းအပြင် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား အစဉ်အလာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်တည်ဆောက်ရင်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် အလေးထားပူးပေါင်း အကောင်အထည်ဖော်သွားကြရမှာ ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က နှစ်နိုင်ငံအကြား ဖြစ်ထွန်းလျက်ရှိသော ဆက်ဆံရေးနှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးများအပေါ် ကျေနပ်အားရကြောင်း၊ ယနေ့ဆွေးနွေးရမှု

စာမျက်နှာ ၆ ကော်လံ ၁ သို့

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကမ္ဘောဒီးယား ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်းပြီး ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

များသည် ရင်းနှီးမှုရှိပြီး နှစ်နိုင်ငံလုံးအတွက် အကျိုးရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို နားလည်မှုရှိစွာ ထောက်ခံအားပေးမှုပြုသည့်အတွက်လည်း မိမိတို့တန်ဖိုးထား ကျေးဇူးတင်ပါကြောင်း၊ ဒေသအတွင်း သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အာဆီယံအဖွဲ့အတွင်း သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေးအတွက် အခြားအာဆီယံနိုင်ငံများနှင့်အတူ မိမိတို့နှစ်နိုင်ငံ ဆက်လက်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဂုဏ်ပြုနေ့လယ်စာတည်ခင်း

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က ဖနောင်ပင်မြို့ Raffles Hotel Le Royal ၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်၊

အမှတ်တရ လက်ဆောင် ပေးအပ်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်သည့် အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နှစ်နိုင်ငံဝန်ကြီးချုပ်များသည် အပြန်အလှန်ဆုမွန်ကောင်းများ တောင်းကြသည်။

နေ့လယ်စာသုံးဆောင်နေစဉ် ကမ္ဘောဒီးယားရိုးရာ ယဉ်ကျေးမှုအဆိုအတီးများဖြင့် ဧည့်ခံဖြေဖျော်ကြသည်။

ဖေ့ယမ်းနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ညနေ ၄ နာရီ ၁၅မိနစ်တွင် ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်အဝင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာတို့မှ ကျောင်းသားကျောင်းသူများက နှစ်နိုင်ငံအလံငယ်များ ဖေ့ယမ်းနှုတ်ဆက်ကြသည်။

ထို့နောက် ပို့ဆောင်နှုတ်ဆက်သည့်အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြရာ နိုင်ငံတော်တီးဝိုင်းက ကမ္ဘောဒီးယားနိုင်ငံတော်သီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဇနီးနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် လေယာဉ်လှေကားရင်းအထိ လိုက်ပါပို့ဆောင်သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်ကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာလာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအပေါ် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ၏သဘောထား

- ☆ ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများက အဆွေတော်ဝန်ကြီးချုပ်၏ ချစ်ကြည်ရေးခရီးစဉ်ကို ကြိုဆို။
- ☆ မိမိတို့နှစ်နိုင်ငံသည် ကိုလိုနီနိုင်ငံများဘဝမှ ရုန်းကန်ထွက်လာခဲ့ရသောနိုင်ငံများဖြစ်။
- ☆ နိုင်ငံအလိုက်ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန်အားထုတ်ကြိုးစားရာ၌နှစ်နိုင်ငံအကျိုးတူကိစ္စများ၊ ဒေသတွင်းနိုင်ငံများနှင့် အကျုံးဝင်သည့် အကျိုးတူကိစ္စများကို လက်တွဲပူးပေါင်းဆောင်ရွက်သွားရင်း မိမိတို့နိုင်ငံများ၏ သာယာဝပြောရေးကို ဖော်ဆောင်သွားကြရမှာဖြစ်။

မြန်မာနိုင်ငံအပေါ် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၏သဘောထား

- ☆ အာဆီယံအဖွဲ့ ခိုင်မာစွာပေါင်းစည်းဖြစ်ပေါ်ရေး(ASEAN Integration)နှင့် စပ်လျဉ်း၍ အားထည့်လုပ်ကိုင်ဆောင်ရွက်နိုင်သည်များကို မိမိတို့နှစ်နိုင်ငံ ပူးပေါင်းလုပ်ကိုင်သွားမည်ဖြစ်။
- ☆ အာရှ-ဥရောပထိပ်သီးအစည်းအဝေး၌ အာဆီယံနိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုမရှိ အဖွဲ့ဝင်နိုင်ငံအားလုံး အဆင့်အတန်းတူ ပါဝင်နိုင်ရေးကို အခိုင်အမာရပ်တည်ထား။
- ☆ ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား အစဉ်အလာ ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်တည်ဆောက်ရင်း ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် အလေးထားပူးပေါင်း အကောင်အထည်ဖော် သွားကြရမှာဖြစ်။

ဂုဏ်ပြုတပ်ဖွဲ့ အလေးပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က ပို့ဆောင်နှုတ်ဆက်သည့်အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုနေစဉ်။ (သတင်း–ကျော်ဖုံး) (သတင်းစဉ်)

မေတ္တာဖွဲ့နှောင် မြစ်မဲခေါင်

❑ မဲခေါင်ဝဲယာ၊ မြစ်ညာမြစ်ကြေ
မိတ်ဆွေချင်းချင်း၊ ပေါင်းသင်းဆက်ဆံ
စိတ်ရင်းမှန်ဖြင့်၊ ပြန်လှန်အကျိုး
ဆောင်သယ်ပိုးရန်၊ ရည်သန်အားထုတ်
ပြုလုပ်နေခြင်း၊ ရိုးစင်းမေတ္တာ
စေတနာကို၊ ကြည်သာသောစိတ်
မမိုတ်မျက်စိ၊ သေချာကြည့်လျှင်
အရှိအတိုင်း တွေ့နိုင်၏။

❑ ဝဲယာမဲခေါင်၊ ညီနောင်တစ်တွေ
သွေးစည်းနေတာ၊ မုဒိတာပွား
သတိထားလျက်၊ ခံစားကြည့်က
တူမျှမေတ္တာ၊ စေတနာဖြင့်
ပေါင်းကာဖွဲ့စည်း၊ သိပ်သည်းကျစ်လျစ်
အားသစ်ခြေနေ၊ အမြဲတေသည်
မသွေဖြစ်တည်၊ ပွားစည်နေကြောင်း
ကောင်းကောင်းတွေ့မည် ဖြစ်ပါသည်။ ။

မိုး၈

မြန်မာ့ရုပ်မြင်သံကြား

၁၃–၈–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၂၀	၈။	ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading.
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	အကပြိုင်ပွဲ
၁၇း၄၀	၈။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇း၅၀	၉။	**“သစ်ဆိမ့်ဖူးစာ”** သျှားညို၊ မိုးဒီ၊ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ–ကြည်စိုးထွန်း)
၁၈း၀၀	၁၀။	ရန်ကုန်တိုင်းပေါင်းလင်း (ငမိုးရိပ်ရေကူ) ရေလှောင်တမံ
၁၈း၁၀	၁၁။	တေးဂီတအစီအစဉ်
၁၈း၂၀	၁၂။	Discovery
၁၈း၃၀	၁၃။	ညနေခင်းသတင်း
၁၉း၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း–၂)
၁၉း၃၅	၁၆။	နှောင်းခေတ်တေးပဒေသာ
၁၉း၄၅	၁၇။	ကျေးလက်ဒေသတစ်ခွင်အလှဆင်
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **‘ကောန်စစ်စစ်အချစ်ဖြစ်လျှင်’** မင်းမော်ကွန်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ–စိုးကျော်ဆန်း)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

ဘုရားဖူးဝိနည်းစာပြန်ပွဲဝင်ခွင့်ပုံစံထုတ်ယူနိုင်

ရန်ကုန် ဩဂုတ် ၁၂

ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး၏ (၇၃)ကြိမ်မြောက် ဝိနည်းစာပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ရန်ကုန်တိုင်းအတွင်း ဝါကပ်တော်မူကြသော သံဃာတော်များ၊ ရှင်သာမဏေများသည် မူလတန်း၊ အငယ်တန်း၊ အကြီးတန်း၊ စာချတန်းဝင်ခွင့် လျှောက်လွှာပုံစံများကို ဝါခေါင်လဆန်း ၁ ရက် (ဩဂုတ် ၁၆ရက်)မှစ၍ ဝါခေါင်လကွယ်နေ့ (စက်တင်ဘာ ၁၃ရက်)အထိ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်ရှိ အသင်းရုံးခန်းတွင် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ကြောင်းသိရသည်။ (က–ပ)

ဧည့်လမ်းညွှန်သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ ဧည့်လမ်းညွှန် အခြေခံသင်တန်း တက်ရောက်ရန်အတွက် အင်္ဂလိပ်ဘာသာစကားမှလွဲ၍ အခြားဘာသာစကားများ (ဂျပန်၊ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ တရုတ်၊ ထိုင်း၊ ကိုရီးယား၊ ရုရှား)ဖြင့် လျှောက်ထားသူများအား သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲ(အင်္ဂလိပ်စာ) အခြေခံရေးဖြေဆန်းစစ်ခြင်းကို ဩဂုတ်၁၅ရက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေး သင်တန်းကျောင်းများ၌ ကျင်းပမည်ဖြစ်သည်။ လျှောက်ထားပြီးသူများ အနေဖြင့် ဝင်ခွင့်စာမေးပွဲဖြေဆိုရန် ဩဂုတ် ၁၃ ရက် နောက်ဆုံးထား၍ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ခရီးသွားလာရေးလုပ်ငန်း ကြီးကြပ်မှုဌာနခွဲ အမှတ်(၇၇/၉၁) ဆူးလေဘုရားလမ်း ရန်ကုန်မြို့သို့ လာရောက်သတင်းပေးပို့ရန်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၂

ရေကြည်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကိုဩဂုတ် ၉ရက်နံနက် ၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းဦးက အမှာစကားပြောကြားပြီး ဦးစီးမှူးဒေါ်မြစီက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် ဦးကြင်ဌေး(မြို့နယ်စာရင်းရုံး)က စာအုပ် ၅၀၊ ဦးသောင်းညွှန့်(ကြိမ်လုပ်ငန်း)က စာအုပ် ၆၅အုပ်၊ ဦးလှကြိုင်(ရွှေယင်းမာဖိနပ်ဆိုင်)က ဂျာနယ် ၆၅အုပ်တို့ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီမြစ်ကူးတံတားသံပေါင်များသယ်ချနေမှု ဆောက်လုပ်ရေးဝန်ကြီးဗိုလ်ချုပ်စောထွန်းကြည့်ရှုစစ်ဆေး တံတားသံပေါင်များလုပ်ငန်းခွင်သို့အမြန်ဆုံးပို့ဆောင်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန် ဆူးလေဆိပ်ကမ်း အမှတ်(၄)သို့ရောက်ရှိပြီး ရန်ကုန် ဆူးလေဆိပ်ကမ်း အမှတ်(၄)သို့ M.V. AN TAO JIANG သင်္ဘောဖြင့် သယ်ယူလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. မှ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဧရာဝတီမြစ်ကူးတံတား (ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းအတွက် ဒုတိယအသုတ် တံတားသံပေါင် ၂၈၂၈ ဒသမ ၂၀၅ တန်ကို M.V. AN TAO JIANG သင်္ဘောပေါ်မှ သယ်ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးက တာဝန်ရှိသူများအား တံတားသံပေါင်များ လုပ်ငန်းခွင်သို့ အမြန်ဆုံးပို့ဆောင်သွားရန်နှင့် စနစ်တကျထားရှိပြီး လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဂရုစိုက်ဆောင်ရွက်သွားကြရန် မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အထက(၄) မင်္ဂလာတောင်ညွန့် ရတနာခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က အမှာစကားပြောကြားပြီး ‘ထိခိုက်ဒဏ်ရာ အရေးပေါ်ပြုစုခြင်း’ အကြောင်း သိကောင်းစရာများကို မြန်မာ့မီးရထားဆေးရုံ(အင်းစိန်)မှ ထိခိုက်ဒဏ်ရာနှင့် အရိုးအကြောအဆစ် ရောဂါခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာမင်းသူက ဟောပြောကြောင်းသိရသည်။ **(ဝဲပုံ)** (က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝ
နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များနှင့် နိုင်ငံတ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ် ဥက္ကဋ္ဌ မစ္စတာဆမ်ဒက်ချီဆင်က ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံ ဆီးနိတ် အဆောက်အအုံ ဧည့်ခန်းမ၌ ခင်မင်ရင်းနှီးစွာ လက်ခံတွေ့ဆုံပြီး အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံ ခေတ္တနိုင်ငံတော်အကြီးအကဲ ဆီးနိတ် ဥက္ကဋ္ဌ မစ္စတာ ဆမ်ဒက်ချီဆင်တို့ ဩဂုတ် ၁၀ ရက်က ဖနောင်ပင်မြို့ ကမ္ဘောဒီးယားနိုင်ငံဆီးနိတ်အဆောက်အအုံဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံဝန်ကြီးချုပ်နှစ်ဦး ခင်မင်ရင်းနှီးစွာတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက် ဟွန်ဆင်က ဖနောင်ပင်မြို့ Raffles Hotel Le Royal ၌ တည်ခင်းဧည့်ခံသော ဂုဏ်ပြုနေ့လယ်စာ စားပွဲတွင် နှစ်နိုင်ငံ ဝန်ကြီးချုပ်နှစ်ဦး ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေး

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ဦးဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက် ဟွန်ဆင် ဦးဆောင်သော အဖွဲ့ဝင်များ၏ နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးပွဲကို ဖနောင်ပင်မြို့ ဝန်ကြီးများရုံး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

တာ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ကမ္ဘောဒီးယားနိုင်ငံချစ်ကြည်ရေးအလည်အပတ်ခရီး
်များနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာအမြင်ချင်းညှိနှိုင်းဖလှယ်



ဂုဏ်ပြု တပ်ဖွဲ့ အလေး ပြုခြင်း ခံယူ

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းမည့် ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီး

ဝန်ကြီးချုပ်အား သံရုံးဝန်ထမ်းများ ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မိသားစုများက ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံကပို့တဲ့အဝတ်အထည်နဲ့ဖိနပ်များကို အမေရိကန်တို့ပိတ်ဆို့နေမှုဟာ ဘယ်သူ့အတွက်လဲ

အောင်မိုးခံ

အမေရိကန်တို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူရာတွင် မြန်မာနိုင်ငံမှ အဝတ်အထည်နဲ့ဖိနပ် တင်ပို့မှုများကို အလေးပေး ပိတ်ဆို့ထားပါတယ်။ အဲဒီလို ပိတ်ဆို့ အရေးယူမှုအပေါ် မြန်မာအစိုးရကို အဆိုးမြင်ဆန့်ကျင်နေတဲ့ အင်အားစုများနဲ့ အမေရိကန်အစိုးရရဲ့ အတွင်းသရုပ်ကို မသိသူများက ထောက်ခံအားပေးလျက်ရှိပါတယ်။ အမေရိကန်အစိုးရဟာ မြန်မာနိုင်ငံဒီမိုကရေစီထွန်းကားရေးအတွက် စေတနာပြည့်ဝစွာ ရှေ့ဆောင်နေတယ်လို့ လွဲမှားစွာယူဆနေလို့ ဖြစ်ပါတယ်။ **တကယ်တော့ ဒီလုပ်ရပ်ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးအတွက် လုံးဝမဟုတ်ဘဲ အမေရိကန်နိုင်ငံက လုပ်ငန်းရှင်တွေရဲ့ အကျိုးအမြတ်ကာကွယ်ရေး၊ လုပ်ငန်းရှင်တွေ ထောက်ခံမှုဖြင့် အမေရိကန်လွှတ်တော်အမတ်များ၊ သမ္မတများ မဲရရေးအတွက်သာ ဖြစ်ပါတယ်။ အမေရိကန်လုပ်ငန်းရှင်များ ထုတ်လုပ်တဲ့ အဝတ်အထည်နဲ့ ဖိနပ်တွေဟာ ဈေးကြီးပြီး မြန်မာနိုင်ငံကတင်ပို့သော ဈေးချိုတဲ့ အဝတ်အထည်တွေ၊ ဖိနပ်တွေကို ယှဉ်ပြိုင်မရောင်းနိုင်တဲ့အတွက် ထိခိုက်လာလို့ ဖြစ်ပါတယ်။**

> "အမေရိကန်တောင်ပိုင်းပြည်နယ်များမှာ အထည်အလိပ်နှင့် ချုပ်ထည် စက်ရုံများအခြေစိုက်ပါတယ်။ ဒီပြည်နယ်တွေမှာ နိုင်ငံရေး ထောက်ခံမှု ရအောင် မဲဆန္ဒရှင်များကို သိမ်းသွင်းဖို့အတွက် ၁၉၆၀ပြည့်နှစ် သမ္မတ ကနေဒီလက်ထက်ကအစပြုလို့ သမ္မတအဆက်ဆက်ဟာ အပြန်အလှန် လွတ်လပ်စွာကုန်သွယ်ရေးမူဝါဒကို စွန့်လွှတ်ပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒတွေ ကျင့်သုံးကာ မဲရအောင် ယူခဲ့ကြပါတယ်။ ဒီနေရာမှာ မိမိကုန်ကြမ်းနှင့်တင်ပို့နေတဲ့ အာရှနိုင်ငံများအပေါ် အထည်အလိပ်နှင့် ချုပ်ထည်တွေကို ခွဲတမ်းချ တင်သွင်းစေတဲ့စနစ် ကျင့်သုံးပြီး အမေရိကန်က ကုန်ကြမ်းနှင့်ထုတ်လုပ်တဲ့ လက်တင် အမေရိကနိုင်ငံများကိုတော့ ခွဲတမ်းစနစ် ပယ်ဖျက်ပေးထားပါတယ်။"

ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးလာတဲ့ ဗီယက်နမ်နိုင်ငံဟာ ၂၀၀၁ခုနှစ်က ချုပ်ထည်ဒေါ်လာသန်း၅၀ကို တင်ပို့ခဲ့ရာမှ ၂၀၀၂ခုနှစ်တွင် ၉၅၂သန်းဖိုးအထိ တိုးတက်တင်ပို့လာနိုင်ပြီး ၂၀၀၃ခုနှစ်မှာတော့ ၂ဒသမ ၄ဘီလီယံအထိ ဖြစ်လာနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီမှာတင် အမေရိကန် အထည်အလိပ်နှင့် ချုပ်ထည်လောကဟာ မခံမရပ်နိုင် ဖြစ်လာတော့တယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ် ဧပြီလမှာ အမေရိကန်ဟာ ဗီယက်နမ်အပေါ် ဒေါ်လာ ၁ဒသမ ၇ဘီလီယံဖိုးသာ တင်သွင်းရမယ်လို့ ခွဲတမ်းသတ်မှတ်ပြီး ကုန်သွယ်ရေးသဘောတူညီချက်ကို အကျပ်ကိုင်ချုပ်ဆိုခဲ့ပါတယ်။ အမေရိကန် ကုန်သွယ်ရေးဝန်ကြီးဌာနက ဗီယက်နမ်နိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (W.T.O)ဝင် မဟုတ်တဲ့အတွက် ဆုံးဖြတ်ချက်ကို လက်ခံရင်ခံ၊ လက်မခံရင် ပိုမိုပြင်းထန်စွာ တစ်ဖက်သတ်ဆုံးဖြတ်မယ်လို့ တင်းမာစွာပြောခဲ့တယ်။ ဒါဟာသမ္မတဘုရှ်နဲ့ ကုန်သွယ်ရေးဝန်ကြီး ဒေါ်နယ်အီဗန်တို့ရဲ့ ဆုံးဖြတ်ချက်ပဲ။ ဒါဟာ လာမယ့် သမ္မတရွေးကောက်ပွဲတွင် မဲဆန္ဒရရှိရေးအတွက် အထည်အလိပ်လုပ်ငန်းအဓိကရှိတဲ့ တောင်ပိုင်းပြည်နယ်များက မဲဆန္ဒရှင်များကို အကျိုးစီးပွားကာကွယ်မှုနဲ့ နိုင်ငံခြားကုန်သွယ်ရေးမှာ အလျှော့မပေးဘူးလို့ အကြိမ်ကြိမ်ကတိပြုခဲ့မှု ဖြစ်တယ်။

၁၉၆၀ ပြည့်လွန် ကာလများတွင် ဂျပန်ဟာ အမေရိကန်အဝတ်အထည် လုပ်ငန်းများကို ကိုယ်စားပြုတဲ့လွှတ်တော်အမတ်များရဲ့ ပစ်မှတ်ဖြစ်ခဲ့ပါတယ်။ အဲဒီနောက် ဟောင်ကောင်၊ စင်ကာပူနှင့် တောင်ကိုရီးယားတို့ဟာ ပစ်မှတ်တွေ အသီးသီးဖြစ်လာခဲ့တယ်။ အခုတော့ သူတို့ဟာ အဝတ်အထည်လုပ်ငန်း အဓိကထားတဲ့အဆင့်ကို ကျော်လွန်ဖြတ်သန်းခဲ့တာ ကာလကြာလာခဲ့ပါပြီ။ အဲဒီလို နိုင်ငံရပ်ခြားစီးပွားရေးပြိုင်ဘက်များက စီးပွားရေးဖွံ့ဖြိုးမှုမှာ ကျော်တက်သွားကြပေမယ့် အမေရိကန်တောင်ပိုင်း အထည်ချုပ်ဒေသများကတော့ ခွဲတမ်းချစီးပွားရေးကိုပဲ အားပြုရင်း သက်ဆိုးရှည်နေကြတယ်။

ဒီကနေ့ တရုတ်–အမေရိကန်နှစ်နိုင်ငံကုန်သွယ်ရေးတွင် တရုတ်နိုင်ငံက ငါးဆမျှပိုငွေပြလာတဲ့အတွက် အမေရိကန်တို့ကစိုးရိမ်တကြီးနဲ့တရုတ်နိုင်ငံကြောင့် အမေရိကန်တို့ရဲ့ အမျိုးသားလုံခြုံရေးကို ထိခိုက်လာရတယ်လို့ ဆိုလာခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်ကို မလိုမုန်းထားပစ်မှတ်လှည့်လာပြန်တယ်။ ယခင်က အမေရိကန်ရဲ့ကွန်ဂရက်လွှတ်တော်တွင်ဖွဲ့စည်းတာဝန်ပေးခဲ့တဲ့အမေရိကန် ကုန်သွယ်ရေး လိုငွေပြမှု သုံးသပ်ရေးကော်မရှင်အစား အမေရိကန်– တရုတ် စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ သုံးသပ်ရေးကော်မရှင်လို့ ပြင်ဆင်ဖွဲ့စည်းလာခဲ့ပါတယ်။

ဒီကော်မရှင်ရဲ့ ၂၀၀၄ ခုနှစ် ဇွန်လ ၁၅ ရက်နေ့က ကွန်ဂရက်လွှတ်တော်သို့ တင်သွင်းတဲ့ အစီရင်ခံစာမှာ တရုတ်နိုင်ငံနဲ့ပတ်သက်လို့ အမေရိကန်တို့ ကုန်သွယ်ရေးလိုငွေပြမှုဟာ အဓိကအန္တရာယ်တစ်ရပ်ဖြစ်လာကြောင်း အခုလို ရှင်းပြထားပါတယ်။

ကုန်သွယ်ရေးလိုငွေပြမှုကြောင့် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အလုပ်အကိုင်ဖော်ဆောင်ပေးနိုင်မှု ကျဆင်းလာပြီး အလုပ်လက်မဲ့ကျဆင်းရေး ကြိုးပမ်းမှုကို ထိခိုက်စေတယ်။ ကုန်ထုတ်လုပ်မှုစက်မှုလုပ်ငန်းများဟာ နိုင်ငံရဲ့ စီးပွားရေးနဲ့ အမျိုးသားလုံခြုံရေးအတွက် အထူးအရေးပါတယ်။ ကုန်သွယ်ရေး လိုငွေပြမှုကြောင့် စက်မှုကဏ္ဍသာမက အမေရိကန်နိုင်ငံရဲ့ အခြားစီးပွားရေး ကဏ္ဍများကိုလဲ ထိခိုက်စေတယ်။

ဒီအစီရင်ခံစာမှာပင် တရုတ်နိုင်ငံအပေါ် တုံ့ပြန်ဖို့ နည်းလမ်းများအဖြစ် (W.T.O)ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို လက်နက်သဖွယ်အသုံးပြုပြီး တရုတ်နိုင်ငံရဲ့ ကုန်သွယ်မှုဟာ စည်းမျဉ်းစည်းကမ်းများနဲ့ ညီညွတ်ခြင်းရှိ/မရှိ၊ အလွန်အမင်း ဈေးလျှော့ထား/မထား၊ ဉာဏထုတ်ကုန်မူပိုင်ခွင့်များ ချိုးဖောက်မှုများရှိ/မရှိ စိစစ်သွားဖို့၊ အမေရိကန်ရဲ့ သိပ္ပံနဲ့နည်းပညာအရာတွင် ထိပ်ဆုံးမှ ဦးဆောင်နေမှုကို တရုတ်တို့က လိုက်မမီနိုင်အောင် အမျိုးသားမူဝါဒနဲ့ မဟာဗျူဟာကို ဘက်စုံထောင့်စုံမှ ချမှတ်လုပ်ဆောင်သွားဖို့ ပါဝင်တယ်။

အမေရိကန်တို့အနေနဲ့ တရုတ်ဘက်မှ ကုန်သွယ်ရေးပိုငွေပြမှုကိုသာမက တရုတ်နိုင်ငံတွင် စက်မှုထွန်းကားတိုးတက်လာမှုကြောင့် လောင်စာဆီလိုအပ်ချက်မြင့်မားလာပြီး ပြည်ပမှအကြီးအကျယ်မှာယူတင်သွင်းနေမှုကိုလဲ အမေရိကန်တို့ရဲ့ လောင်စာဆီဖူလုံရေးအပေါ် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရှုမြင်နေပါတယ်။

တရုတ်နိုင်ငံက အမေရိကန်နိုင်ငံမှ ကုန်ပစ္စည်းဒေါ်လာ ၂၈ဘီလီယံဖိုး တင်သွင်းခဲ့ပြီး အမေရိကန်သို့ ဒေါ်လာ ၁၅၂ဘီလီယံဖိုးတင်ပို့ခဲ့တဲ့ အတွက် ကုန်သွယ်ရေးပိုငွေပြမှု ငါးဆ တစ်ဆဖြစ်နေခဲ့တယ်။ အခုလိုဖြစ်ရတာဟာ ဈေးချိုတဲ့တရုတ်ကုန်ပစ္စည်းများကို ချမ်းသာတဲ့ အမေရိကန်ပြည်သူလူထုက ဖောဖောသီသီ ဝယ်ယူစားသုံးနိုင်ပြီး ဈေးကြီးတဲ့အမေရိကန် ကုန်ပစ္စည်းကို တရုတ်ပြည်သူတို့ ဝယ်စားသုံးမှုနည်းပါးလို့ဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးတဲ့ အမေရိကန်လိုနိုင်ငံကြီးအဖို့ စားသုံးသူတွေဟာ ဈေးနှုန်းချိုပြီး အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေကို လွတ်လပ်စွာဝယ်ယူစားသုံးနိုင်ခွင့်ရှိရပါမယ်။ လုပ်အားခဈေးကြီးတဲ့ အမေရိကန်နိုင်ငံတွင် အဝတ်အထည်လုပ်ငန်းများလို လုပ်အားအသုံးပြုရမှုများပြားတဲ့ (Labour Intensive)စက်မှုလုပ်ငန်းများကို လုပ်အားခဈေးချိုတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများနဲ့ယှဉ်ပြီး ထူထောင်နိုင်ဖို့ မလွယ်ပါ။ အထူးသဖြင့် တရုတ်ပြည်နဲ့ ယှဉ်ပြိုင်ဖို့ မလွယ်ပါ။ အမေရိကန်ထုတ်ကုန်ပစ္စည်းတွေ ဘာကြောင့် ဈေးကြီးပြီး တရုတ်ထုတ်ကုန်တွေ ဘာကြောင့် ဈေးချိုရသလဲဆိုတဲ့ အကြောင်းရင်းကို အရင်းရှင်နိုင်ငံရေး ဘောဂဗေဒပညာရှင်များပင် မဖော်ထုတ်နိုင်တဲ့အတွက် အခုလို မိမိပြည်တွင်း အကျပ်အတည်းတွေကို သူတစ်ပါးနိုင်ငံများအပေါ် အကျပ်ကိုင်ပြီးဖြေရှင်းနေတာဖြစ်ပါတယ်။ အရင်းရှင်စနစ်ရဲ့ ကောင်းမြတ်တဲ့ ကုန်သွယ်ရေးကင်းလွတ်မှုတွေကို ပိတ်ဆို့ဖျက်ဆီးနေတာဖြစ်ပါတယ်။ အကြောင်းရင်းဇာစ်မြစ်ဟာ စက်မှုဖွံ့ဖြိုးပြီး အရင်းရှင်နိုင်ငံကြီးများတွင် ပုဂ္ဂလိကတွေ မြေအကြီးအကျယ်ပိုင်တယ်။ မြေရှင်ကြီးတွေ လွှမ်းမိုးနေတယ်။ လူဦးရေအကန့်အသတ်မရှိတိုးတက်နေတဲ့အတွက် နေစရာနဲ့ လုပ်ကိုင်စားသောက်စရာတွေ လိုလာလို့ မြေဈေးတွေလဲ အကန့်အသတ်မရှိ တက်နေတယ်။ ဗြိတိန် လန်ဒန်မှာ မြေတစ်ပေပတ်လည် ဒေါ်လာနှစ်သောင်းဝန်းကျင်၊ ဂျပန် တိုကျိုမှာ မြေပို့စကတ်အရွယ် ဒေါ်လာလေးထောင်ဈေးဖြစ်နေတယ်။ မြေပိုင်တဲ့ မြေရှင်တွေ ဘာမှလုပ်စရာမလိုဘဲ အကြီးအကျယ်တက်နေတဲ့ မြေဈေးတွေနဲ့ ကြီးပွားလာတာဖြစ်ပါတယ်။ ဒါကြောင့် ဒီစက်မှုနိုင်ငံကြီးတွေက မြေမှာအရင်း စိုက်ထုတ်လုပ်ရတဲ့ ပစ္စည်းမှန်သမျှဈေးတက်ကုန်တယ်။ ပုဂ္ဂလိကမြေရှင်စနစ် သက်ဆိုးရှည်နေသမျှ ဒီအကျပ်အတည်းကို ဆက်လက်ကြုံနေရဦးမယ်ဖြစ်တယ်။ ဒီအကျပ်အတည်းကို ဖြေရှင်းဖို့ ပုဂ္ဂလိက မြေရှင်စနစ်ကို ဖျက်သိမ်းရမယ့်အစား ကုန်သွယ်ဘက်နိုင်ငံတွေကို နည်းမျိုးစုံ အကျပ်ကိုင် ဖိအားပေးတဲ့နည်း၊ ကိုယ်ကျိုးစီးပွားကာကွယ်နည်းတွေနဲ့ ဖြေရှင်းနေတာဖြစ်တယ်။

တရုတ်ပြည်မှာ မြေကိုလူ့အဖွဲ့အစည်းပိုင် ပြုလုပ်ထားတယ်။ ဒါကြောင့် မြေဈေးတွေမကြီးလို့ မြေမှာအရင်းစိုက်ထုတ်လုပ်ကိုင်ရတဲ့ ပစ္စည်းမှန်သမျှ ဈေးမတက်ဘူး။ လူ့အဖွဲ့အစည်းပိုင် မြေယာစနစ်နဲ့ လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးကို ပေါင်းစပ်ကျင့်သုံးနေမှုက တရုတ်ပြည်ကို အံ့သြဖွယ်ရာ တိုးတက်လာစေပါတယ်။ မြေရှင်စနစ်ဖျက်သိမ်းထားတဲ့ တရုတ်ပြည်နဲ့ မြေရှင်စနစ်ကြီးစိုးနေတဲ့ အနောက်နိုင်ငံများရဲ့ ဈေးကွက်ယှဉ်ပြိုင်မှုမှာ တရုတ်ပြည်က တစ်ပန်းသာနေမယ် ဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ စီးပွားရေးပိတ်ဆို့ အရေးယူရာတွင် အဝတ်အထည်နဲ့ ဖိနပ်တင်ပို့မှုတွေကို ဦးစားပေးပိတ်ပင်နေမှုဟာ (၁) သူတို့နိုင်ငံက အဝတ်အထည်နဲ့ ဖိနပ်လုပ်ငန်းရှင်တွေရဲ့ ဈေးကြီးတဲ့ ထုတ်ကုန်ပစ္စည်းတွေထက် မြန်မာနိုင်ငံကတင်ပို့တဲ့ အဝတ်အထည်တွေနဲ့ ဖိနပ်တွေဟာ ဈေးချိုအရောင်းသွက်တဲ့အတွက် အကျပ်အတည်းဆိုက်နေတဲ့ အမေရိကန်လုပ်ငန်းရှင်တွေအလိုကျ တစ်ဖက်သတ် ပိတ်လိုက်တာဖြစ်ပါတယ်။ (၂)အဲဒီလို ပိတ်ပင်လိုက်တဲ့အတွက် အမေရိကန်သမ္မတများနဲ့ လွှတ်တော်အမတ်များဟာ ရွေးကောက်ပွဲမှာ လုပ်ငန်းရှင်တွေရဲ့ ထောက်ခံမဲရဖို့ ဖြစ်ပါတယ်။ (၃) မြန်မာနိုင်ငံမှ အစိုးရဆန့်ကျင်တဲ့ အင်အားစုတွေရဲ့ ထောက်ခံမှုကိုလဲရပြီး နိုင်ငံတကာကလဲ မြန်မာ့ဒီမိုကရေစီအရေးကို အမေရိကန် အစိုးရက ဦးစားပေး ဆောင်ရွက်နေသယောင် ထင်မှတ်လာဖို့ဖြစ်ပါတယ်။

ဒါဟာ ခဲတစ်လုံးတည်းနဲ့ စာကလေးသုံးကောင်ကို တစ်ပြိုင်တည်း ပစ်လိုက်တဲ့ အမေရိကန်အစိုးရရဲ့ကိုယ်ကျိုးစီးပွားဝါဒသာဖြစ်ပါတယ်။ **ဒါကြောင့် အမေရိကန်တို့ စီးပွားရေးပိတ်ဆို့ အရေးယူရာတွင် မြန်မာနိုင်ငံအပေါ် ဦးစားပေး ပိတ်ပင်ထားမှုဟာ မြန်မာပြည်သူတွေကို အကျိုးပျက်စေပြီး အမေရိကန်တို့ ကိုယ်ကျိုးလောဘအမြတ်ရဖို့သာ ဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။**

တကယ်တော့ ဒီလုပ်ရပ်ဟာ မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေး လူ့အခွင့်အရေးအတွက် လုံးဝမဟုတ်ဘဲ အမေရိကန်နိုင်ငံက လုပ်ငန်းရှင်တွေရဲ့ အကျိုးအမြတ်ကာကွယ်ရေး၊ လုပ်ငန်းရှင်တွေ ထောက်ခံမှုဖြင့် အမေရိကန် လွှတ်တော်အမတ်များ၊ သမ္မတများ မဲရရေး အတွက်သာ ဖြစ်ပါတယ်။ အမေရိကန်လုပ်ငန်းရှင်များ ထုတ်လုပ်တဲ့ အဝတ်အထည်နဲ့ ဖိနပ်တွေဟာ ဈေးကြီးပြီး မြန်မာနိုင်ငံက တင်ပို့သော ဈေးချိုတဲ့ အဝတ်အထည်တွေ၊ ဖိနပ်တွေကို ယှဉ်ပြိုင်မရောင်းနိုင်တဲ့အတွက် ထိခိုက်လာလို့ ဖြစ်ပါတယ်။

တာချီလိတ်မြို့ လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ နမ့်ဖလောက်ချောင်းကို ပိတ်၍ ဆည်ပြုလုပ်ပြီး မြို့တွင်းသို့ သဘာဝရေတွန်းအားစနစ်ဖြင့် မြို့ရေပေးဝေရေး လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို ဇူလိုင် ၂၅ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာညွှန်ကြားရေးမှူး ဦးတင်စိုး၊ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးနေဦး၊ တာချီလိတ် မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးသန်းဝင်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)



မြဝတီရုပ်မြင်သံကြား

၁၃–၈–၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၇။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Imperfact Competition Market (ဒုတိယနှစ်–စီးပွားရေးအထူးပြု)
- ၅:၃၀ ၁၀။ ပညာခေတ်
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၁၅)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမှန်တရားဘက်ကလှုပ်ရှားစားသမား"**(အပိုင်း–၂၉)

မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ စစ္စလီထုံးကျေးရွာ အလယ်တန်းကျောင်း ကျောင်းသူ ကျောင်းသားများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲကို ဩဂုတ် ၈ရက်က စစ္စလီထုံးအလယ်တန်းကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်အေးအေးယုက ကျေးရွာ ဥက္ကဋ္ဌ ဦးစောလွယ်ထူးထံ ထောက်ပံ့ငွေပေးအပ်စဉ်။ (၀၉၇)

ကျေးလက်ဒေသ စက်ရေတွင်းများတူးဖော်ရေး အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် ဩဂုတ် ၁၂

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့်ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရေရှားပါးသည့် ကျေးလက်ဒေသများ၌ စက်ရေတွင်းများ တူးဖော်ဆောင်ရွက်လျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မစက်ရေတွင်းအနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ကျပ်၂၅၀၀၀၀၊ နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀တစ်တွင်း စက်ပစ္စည်းစုံကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

ရေလှူဒါန်းခြင်းဖြင့် လျင်မြန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ကျော်ကြား လူသိများခြင်း၊ဆာလောင်မွတ်သိပ်မှုကင်းခြင်း၊ အခြွေအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်းနှင့် ဉာဏ်ပညာကြီးမားခြင်းဟူသည့် ရေအကျိုး(၁၀)ပါးကို ဆုမတောင်းဘဲရရှိ နိုင်သည်ဖြစ်ရာ စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၁-၂၄၅၄၂၀၊ ၂၅၃၀၈၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း- ၀၁-၂၄၀၁၁၈၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၁၀၁၂၊ ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နည်းပညာပြိုင်ပွဲနှင့်ဆွေးနွေးပွဲများကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCSA) နှစ်ပတ်လည် အစည်းအဝေးကို လှိုင်မြို့နယ် MICT Park တွင် ကျင်းပမည် ဖြစ်သည်။ အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်းက ကြီးမှူးပြီး မြန်မာနိုင်ငံ Software လုပ်ငန်းခွင် နှင့် ပတ်သက်၍ ပညာရှင် ၂၀တို့က Issues in Establishing Myanmar Software Industry ခေါင်းစဉ်ဖြင့် စာတမ်းများကို နှစ်ရက်ကြာ ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။ ဆွေးနွေးပွဲ ပထမနေ့တွင် Software လုပ်ငန်းခွင်နှင့် ပတ်သက်သည့် အခွင့်အလမ်းများနှင့် တွေ့ကြုံရမည့် အခက်အခဲများ အကြောင်းကို လည်းကောင်း၊ ဆွေးနွေးပွဲ ဒုတိယနေ့တွင် Software ရေးသားရာတွင် အသုံးပြုနေသည့် Development Environment Platform အကြောင်းအရာနှင့် ပတ်သက်သည့် UML, Dotnet, J2EEနှင့် Open Sourceစနစ်များ၊ စာတမ်းများကို လည်းကောင်း ဖတ်ကြားမည်ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်းက ကြီးမှူး၍ Programmingပြိုင်ပွဲနှင့် Web Development ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲများတွင် ဆုရရှိသူများကို ပထမ ကျပ် သုံးသိန်း၊ ဒုတိယ ကျပ်နှစ်သိန်း၊ တတိယ ကျပ်တစ်သိန်းနှင့် အတူ ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ နည်းပညာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ၂၀၀၄ခုနှစ် ဩဂုတ် ၂၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်သည်။

(က-ပ)

တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ရေစကြိုဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော် ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် တိပိဋကမဟာဂန္ဓဝင်ကျောင်းတိုက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ အဂ္ဂမဟာအကျော်ရေစကြိုဆရာတော်ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသသည် ဒုတိယဝါဆိုလကွယ်နေ့ (ဩဂုတ် ၁၅ရက်) မွန်းလွဲ ၂နာရီတွင် တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။

(က-ပ)

ရွှေကျင်နှင့်စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်

ရန်ကုန် ဩဂုတ် ၁၂

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယနေ့မွန်းတည့်မှနောက် ၂၄နာရီအတွင်း ၁၅စင်တီမီတာ(ပေဝက်ခန့်) မြင့်တက်လာနိုင်ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ၇၀၀သို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၈စင်တီမီတာ စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် နှစ်ရက်အတွင်း စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည်မဒေါက်မြို့တွင် ၇၃စင်တီမီတာ (နှစ်ပေခွဲခန့်)စိုးရိမ်ရေမှတ်အထက် တွင်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်လေးရက်အတွင်း စိုးရိမ်ရေမှတ် အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် မိုးသက်လေပြင်းကျပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဩဂုတ် ၁၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အလွန်ကောင်းနေသည်။

ဩဂုတ် ၁၃ရက် ညနေအထိခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် နေရာ အနှံ့အပြားနှင့်ကျန်ဒေသများ၌ နေရာကျဲကျဲ မိုးရွာပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

ဩဂုတ် ၉ရက်က အမက(၁၅)အင်းစိန်တွင်ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ်အလှူရှင် ဦးသန်းလှိုင်-ဒေါ်ခင်ထားရီမိသားစုက ကျောင်းတွင်း အာဟာရ နို့သာဂူ ကျောင်းသားကျောင်းသူ ၅၀၀ ခန့်အား လှူဒါန်းစဉ်။

(က-ပ)

မော်လမြိုင် ဓမ္မရက္ခိတ မေတ္တာသုတ်ပူဇော်ပွဲ

ရန်ကုန် ဩဂုတ် ၁၂

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးချိုတောင်ဝိုင်း ဓမ္မရက္ခိတမိုးကုတ်ရိပ်သာကြီးတွင် နှစ်စဉ်ကျင်းပသော (မေတ္တာအခါတော်နေ့) (၁၂)ကြိမ်မြောက် မေတ္တာသုတ်အသံမစဲရွတ်ဖတ်ပူဇော်ပွဲကို ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်(ဩဂုတ် ၂၆ရက်)ကြာသပတေးနေ့မှ လပြည့်နေ့ထိ ပူဇော်မည်ဖြစ်ရာ လှူဒါန်းလိုသူများ အထက်ပါ ကျောင်းတိုက်သို့ လာရောက်၍ လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ပြုံးနေရင်သတိထား ဇာတ်ကားသစ် ရုံသုံးရုံအပြိုင်ဝင် ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ် ဆက်လက်ပြသ

ရန်ကုန် ဩဂုတ် ၁၂

ဇာတ်လမ်းနှင့် ဒါရိုက်တာ မောင်မျိုးမင်း၏ **'ပြုံးနေရင် သတိထား'** ဇာတ်ကားသစ်မှာ သမ္မတ၊ သွင်နှင့် မင်္ဂလာအဆင့်မြင့်ရုံများတွင် ယနေ့ရုံဝင် လာသည်။ ရှင်နေမင်း၊ ဘဘတ်၊ ချစ်ပိုဆိုသော လူငယ်သုံးဦးတို့မှာ ဘဝပြဿနာ အဖြေရှာရာတွင် အမြီးအမောက်မတည့်ဖြစ်ကာ လက်ထပ်ခါနီးမှ ဥပဒေအရ ဖမ်းဆီးခြင်းခံလိုက်ရပုံများကို ပညာပေးရိုက်ကူးထားသော အချစ်ဟာသ ပညာပေးဇာတ်ကား ဖြစ်သည်။

'ပြုံးနေရင်သတိထား'တွင် ကျော်ရဲအောင်၊ ဒွေး၊ ရာဇာနေဝင်း၊ သျှားညို၊ ထွန်းအိန္ဒြာဗို၊ ခိုင်နှင်းဝေ၊ ပုလဲဝင်း၊ ပြေတီဦးနှင့် မြင့်မြင့်ခိုင်တို့ ခေါင်းဆောင် ပါဝင်ထားသည်။

'ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့လိုတယ်' ဇာတ်ကားမှာ ရွှေ့ဆောင်၊ နေပြည်တော်ရုံများတွင် ဆက်လက်ပြသနေသည်။ ယင်းဇာတ်ကားတွင် ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်တို့ ခေါင်းဆောင် ပါဝင်ထားသည်။

ဒါရိုက်တာကျော်သူ၏ **'အမေ့နို့ဖိုး'** ဇာတ်ကားမှာ ဝဇီရာရုံတွင် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။ ငွေမှန်တိုင်း၊ ဂုဏ်မှန်တိုင်း၊ ဆင်းရဲ ကြေကွဲမှုမှန်တိုင်း၊ ကဲ့ရဲ့ပြစ်တင်မှုမှန်တိုင်းတို့ကို သားသမီးချစ်သော အချစ်တစ်ခုတည်း

'ပြုံးနေရင်သတိထား' ဇာတ်ကားမှ ရာဇာနေဝင်း၊ ဒွေးနှင့် ကျော်ရဲအောင်တို့၏ ဇာတ်ဝင်ခန်း။



ရုပ်ရှင်သတင်းထောက်

ဖြင့် ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှား အနိုင်ယူလိုက်နိုင်သော အမေတစ်ယောက် အကြောင်းရိုက်ကူးထားသောမေတ္တာဖွဲ့ ဇာတ်ကားဖြစ်သည်။

ဘုရင့်ရုံတွင် အိန္ဒိယ နာမည်ကြီး မင်းသား ဟက်ထရစ်ရိုရှင် ခေါင်းဆောင် ပါဝင်သည့် Na Tum Jaano Na Hum **'အမည်မသိ ချစ်တဲ့သူ'** ဇာတ်ကားသစ် ရုံဝင်လာသည်။

မြို့မရုံတွင် အိန္ဒိယနာမည်ကြီး မင်းသားများဖြစ်သော အမိတာဘချမ်း၊ အဂျေးဒေဝမ်ခန်းနှင့် ဆန်ဂျေးဒတ်တို့ မတွဲစဖူး အတွဲထူးကာ ပါဝင်သရုပ် ဆောင်ထားသည့် အက်ရှင်ဇာတ်ကြမ်းကား Hum Ki Si Se Kum Nahin ဇာတ်ကား ရုံဝင်လာသည်။

ရွှေဂုန်ရုံတွင် သိပ္ပံအက်ရှင်ဇာတ်ကား Virtuosity ရုံဝင်လာသည်။ စွမ်းရည်ပြည့် လူသားတစ်ဦး ဖန်တီးရာမှ လျှို့ဝှက်ဆန်းကြယ် သည်းထိတ်ရင်ဖိုဖွယ်ရာ ထူးခြားမှုများ၊ တိုက်ခိုက်မှုများဖြစ်ပွားလာပုံကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည်။ ။

(မြန်မာ့အလင်း)

'ယောက်ဖတော်ခါနီးရင် စဉ်းစားဖို့ လိုတယ်'မှ ရန်အောင်နှင့် ထွန်းအိန္ဒြာဗို။



'အပြောင်းအလဲ'မှ လွင်မိုး၊ မင်းမော်ကွန်း၊ အောင်လွင်။

'အပြောင်းအလဲ' ရိုက်တင်မည်

ဇာတ်လမ်းနှင့် ဒါရိုက်တာ မောင်မျိုးမင်း၏ 'အပြောင်းအလဲ' ဇာတ်ကား မကြာမီ ရုံဝင်လာမည်ဖြစ်သည်။ အဖနှင့်သား၊ အဘိုးနှင့်မြေးတို့၏ အပြောင်းအလဲကို စိတ်ကူးယဉ်ဆန်ဆန်၊ စိတ္တဇဆန်ဆန် ရိုက်ကူးထားသည်။ အပြောင်းအလဲတွင် လွင်မိုး၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ စိုးမြတ်နန္ဒာနှင့် အောင်လွင်တို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။

(မြန်မာ့အလင်း)

အိုလံပစ်အမျိုးသားဘောလုံးပြိုင်ပွဲအိမ်ရှင်ဂရိနှင့်တောင်ကိုရီးယားသရေကျ နာမည်ကြီးအာဂျင်တီးနားကဆာဘီးယားကိုခြောက်ဂိုးပြတ်အနိုင်ယူ

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၁၂

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပွဲစဉ်များကို ဩဂုတ် ၁၁ရက်က စတင်ကျင်းပခဲ့ရာ အုပ်စု(က)မှ ဂရိနှင့် တောင်ကိုရီးယားတို့ နှစ်ဂိုးစီသရေကျပြီး မာလီနှင့် မက္ကဆီကိုတို့လည်း ဂိုးမရှိသရေပွဲဖြစ်သွားသည်။ အုပ်စု(ဂ)မှ တူနီးရှားနှင့် ဩစတြေးလျတို့ တစ်ဂိုးစီသရေဖြစ်ပြီး အာဂျင်တီးနားနှင့် ဆာဘီးယားတို့ပွဲတွင် အာဂျင်တီးနားက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အုပ်စု(က)မှ အုပ်စုပထမပွဲစဉ်အဖြစ် နာမည်ကြီးအိမ်ရှင်ဂရိနှင့် တောင်ကိုရီးယားတို့ပွဲကို ဂရိနိုင်ငံ သက်ဆာလိုနီကီမြို့ရှိ ကာဖ်တန်ဇိုဂယ်လီရီအားကစားကွင်း၌ ကျင်းပရာ ဂရိနှင့်တောင်ကိုရီးယားတို့ ပွဲစသည်နှင့် အပြန်အလှန်ထိုးဖောက်ကစားနိုင်ပြီး ဂရိနောက်တန်းကို တောင်ကိုရီးယားတိုက်စစ်မှူးများဖြစ်သည့် ချိုဂျေဂျင်း၊ ကင်ဂျောင်ဝူးနှင့် ကင်ဒေါင်ဂျင်တို့က အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့ကြသည်။

ပွဲချိန်၄၃မိနစ်တွင် တောင်ကိုရီးယား တိုက်စစ်မှူးကင်ဒေါင်ဂျင်က အဖွင့်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းတွင် တောင်ကိုရီးယားတို့တစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။ ဒုတိယပိုင်းတွင်လည်း တောင်ကိုရီးယားတို့က ပိုမိုထိုးဖောက်ကစားနိုင်ပြီးဖိကစားနိုင်ရာ ပွဲချိန် ၆၄ မိနစ်တွင် ဂရိတိုက်စစ်မှူး ဗီရန်ထရာလူကတ်စ်က ဂရိနောက်တန်းခံစစ်ကို ဝိုင်းကူရင်း ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိ၍ တောင်ကိုရီးယားတို့ လက်ဆောင်တစ်ဂိုးထပ်မံရရှိသွားသည်။

အိမ်ရှင်ဂရိတို့ နှစ်ဂိုးပေးလိုက်ရသဖြင့် ခံစစ်မှတိုက်စစ်ဖွင့်ကစားရာ ပွဲချိန် ၇၈မိနစ်တွင် ဂရိတိုက်စစ်မှူး ဗီရန်ထရာအစား လူစားဝင်လာသည့် ထရာလီဒစ်က ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ ချေပဂိုးရရှိပြီး ဂရိတို့ကစားအားတင်ကာ တောင်ကိုရီးယားဘက်သို့ဖိကစားရာမှ ပွဲချိန် ၈၂မိနစ်တွင် ဂရိအလယ်တန်းကစားသမား ပါပါဒိုပေါလော့စ်က သွင်းယူခဲ့သဖြင့် ဂရိတို့ဒုတိယချေပဂိုးရရှိကာ အိမ်ရှင်ဂရိတို့ပွဲဦးထွက်သရေဖြင့် သိက္ခာဆယ်နိုင်ခဲ့ပြီး တောင်ကိုရီးယားနှင့်တစ်မှတ်စီခွဲဝေယူနိုင်အောင် အသည်းအသန်ကြိုးစားခဲ့ရသည်။

အုပ်စု(က) ဒုတိယပွဲစဉ် အဖြစ် မာလီနှင့် မက္ကဆီကိုအသင်းတို့ ဩဂုတ် ၁၁ရက်က ဂရိနိုင်ငံ ဗိုလော့စ်မြို့ရှိ ပင်န်သက်ဆာလီကို အားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ ပွဲမှာလျင်မြန်သွက်လက်သော ပွဲဖြစ်ခဲ့သည်။ အာဖရိကတွင်ခြေစွာလာသော မာလီအသင်းမှ တိုက်စစ်မှူးများဖြစ်သည့် ဒိုင်ယာလို၊ ကိုလီဘာလိုင်နှင့်ကီဘီတို့၏ထိုးဖောက်မှုကို မက္ကဆီကိုနောက်တန်းမှရိုဒရာရူစ်၊ ပီရက်စ်၊ လိုပက်စ်၊ ဂါလင်ဒိုတို့ကြိုးစားဟန့်တားခဲ့ရသည်။

မာလီတိုက်စစ်မှူးများ သေချာပေါက်ဂိုးရရှိနိုင်သည့် အခွင့်အရေးကို ပိုင်နိုင်စွာအသုံးမချနိုင်ခဲ့ချေ။

မက္ကဆီကို အသင်းသည် မာလီအသင်းကို ပွဲချိန်အတော်များများထိုးဖောက်ကစားနိုင်သော်လည်း ရှေ့တန်းမှရာဖေးမာကွတ်နှင့် ဆန်ချက်ဇ်တို့ ဂိုးသွင်းမသေချာမှုကြောင့် မက္ကဆီကိုတို့အနိုင်ရနိုင်သော်လည်း ဂိုးမရရှိချေ။ မက္ကဆီကိုအလယ်တန်းမှ မာတင်နက်စ်၊ ဇင်ဟာဘာရာဗိုတို့ ဘောလုံးပေးပို့မှုများအပိုအလိုများဖြစ်လျက်ရှိရာ ပွဲချိန် ၆၇မိနစ်တွင် ဇင်ဟာအစား အိုင်နီရစ်၊ ပွဲချိန် ၇၆မိနစ်တွင် ဘရာဗိုအစား ဂါစီရာတို့ဝင်ရောက်ကစားခဲ့ရာမှ မက္ကဆီကိုကစားကွက်ပြန်လည်ကောင်းမွန်ခဲ့သည်။ သို့သော် မာလီခံစစ်မှူးများဖြစ်သည့် ဘာသီ၊ တမ်ဘိုရာနှင့်ကိုမ်းတို့ကို မကျော်လွှားနိုင်မှုကြောင့် မက္ကဆီကိုအနိုင်ရရှိရေးမျှော်မှန်းချက်ပျက်ပြားခဲ့ကာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့ရသည်။ အုပ်စု(ဂ)မှ တူနီးရှားနှင့်ဩစတြေးလျတို့အုပ်စုပွဲစဉ် (၃) အဖြစ် ဂရိနိုင်ငံ ဟာရက်လီရီမြို့ရှိ ပင်ကရီတီရိအားကစားကွင်း၌ ဩဂုတ် ၁၁ရက်က ယှဉ်ပြိုင်ကစားခဲ့ရာတွင်

အာဖရိကဇုန်၌ အိုလံပစ်ခြေစစ်ပွဲတစ်လျှောက် ခြေစွမ်းပြခဲ့သော တူနီးရှားက ဩစတြေးလျကို အသာစီးမှ ကစားနိုင်ခဲ့သော်လည်းဩစတြေးလျတို့တန်ပြန်တိုက်စစ်ကြောင့်ပွဲချိန် ၄၅ မိနစ်တွင် ဩစတြေးလျကွင်းလယ်ကစားသမားအလိုအိုင်ဆစ်က ပထမပိုင်းပွဲပြီးခါနီးတွင် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဩစတြေးလျတို့ ကစားကွက်အကောင်းချည်းမဟုတ်ရာ အလယ်တန်းမှမာဒတ်စ်ချီ၊ အယ်ရစ်နှင့်ဝိတ်ခင်ရီးယားတို့အကွက်ဆင်ပေးပို့မှုများ တိုက်စစ်မှူးထံမရောက်ဘဲပျက်လျက်ရှိရာ တူနီးရှားတို့ကအဖြတ်အတောက်ကောင်းကောင်းဖြင့် လျင်မြန်စွာကစားနိုင်ပြီး အဆုံးသတ်မှုအားနည်း၍သာ မက္ကဆီကိုတို့သက်သာခဲ့ခြင်းဖြစ်သည်။

ပွဲချိန် ၆၉ မိနစ်တွင် တူနီးရှားမှကွင်းလယ်ကစားသမားဇီတိုနီက ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေဖြစ်နေရာ တူနီးရှားတို့အနိုင်ရရှိရေးအတွက်ကြိုးစားကစားသော်လည်း တိုက်စစ်မှူးများဖြစ်သည့် ကလေတန်၊ ဂျီဒီဒီနှင့်ဘင်ယာဟိုင်ရာတို့ ဂိုးသွင်းမသေချာသဖြင့်တစ်ဂိုးစီသရေဖြစ်ကာ ပွဲသိမ်းခဲ့ရခြင်းဖြစ်သည်။

အုပ်စု(ဂ)မှနာမည်ကြီးအာဂျင်တီးနားနှင့်ဆာဘီးယားအသင်းတို့ ဂရိနိုင်ငံပါစရာစ်မြို့ရှိပင်ပီလိုပွန်နီဆီရာကို အားကစားကွင်း၌ ဩဂုတ် ၁၁ရက်က ယှဉ်ပြိုင်ကစားရာ လူငယ်သွေးသစ်များဖြင့်ဖွဲ့စည်းပြီးအေသင်အိုလံပစ်ခရီးကိုနှင်လာခဲ့သော လူသစ်တန်းဆာဘီးယားအသင်းသည် ဝါရင့်သမ္မာရင့် အာဂျင်တီးနားကို မည်သို့မျှမယှဉ်နိုင်ခဲ့ပေ။

နာမည်ကြီး အာဂျင်တီးနား ရှေ့တန်းတွင် ဂွန်ဇာလက်၊ အလက်ဆန်ဒရို၊ ရိုဆာလက်စ်တို့က ဆာဘီးယား နောက်တန်းကို စိတ်ကြိုက်ထိုးဖောက် မွှေနှောက်ကစားကာ အလယ်တန်းမှ တီဗက်ဒယ်ဂါဒို၊ ဂါဘရီရယ်ဟိန့်ဇ်က တိုက်စစ်ကိုလိုက်ပါ အားဖြည့်ပေးနိုင်မှုကြောင့် ဂိုးပြတ်သွင်းနိုင်ခဲ့ရာ ပွဲချိန် ၁၁မိနစ်တွင် အာဂျင်တီးနားကွင်းလယ် ကစားသမား ဒယ်ဂါဒိုက အဖွင့်ဂိုး သွင်းယူပြီး မကြာမီပွဲချိန် ၁၇မိနစ်တွင် အာဂျင်တီးနား တိုက်စစ်မှူး ဂွန်ဇာလက်ဇ်က ဒုတိယဂိုးသွင်းယူခဲ့သည်။

အာဂျင်တီးနားတို့ တရစပ်တိုက်စစ်ဆင် ထိုးဖောက်ကစားမှုကြောင့် ပွဲချိန် ၄၂မိနစ်တွင် အာဂျင်တီးနား အလယ်တန်းလူ တီဗက်က ဂိုးသွင်းယူခဲ့ပြီး မကြာမီပွဲချိန် ၄၃ မိနစ်တွင် အာဂျင်တီးနား အလယ်တန်း ကစားသမား တီဗက်ကပင် တစ်ဂိုး ထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်း၌ပင် အာဂျင်တီးနားတို့ လေးဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဆာဘီးယားတို့ ခံစစ် သက်သက်ဖြင့်သာ ကစားနေခဲ့ရာမှ ပွဲချိန် ၇၄ မိနစ်တွင် အာဂျင်တီးနားကွင်းလယ်ကစားသမား ဟိန့်ဇ်က တစ်ဂိုး၊ပွဲချိန် ၇၇မိနစ်တွင် တိုက်စစ်မှူး ရိုဆာလက်က တစ်ဂိုး သွင်းယူခဲ့သဖြင့် အာဂျင်တီးနားတို့ ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ၌ အုပ်စု(က)မှ တောင်ကိုရီးယားနှင့် ဂရိအသင်းတို့ ယှဉ်ပြိုင်ကစားရာ တောင်ကိုရီးယားမှ ချန်ဆိုးလီ(ဝဲ) ထိုးဖောက်ကစားမှုကို ဂရိမှ နမ်ပက်လီရက်စ်က ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အေသင်အိုလံပစ်အုပ်စုပွဲများတွင် အာဂျင်တီးနားတို့အဖွင့်ပွဲစဉ်၌ ပင်ဂိုးပြတ်သွင်းနိုင်ခဲ့ပြီး အေသင်အိုလံပစ် ချန်ပီယံအသင်းဖြစ်ရမည်ဟူသော အချက်ကို ထင်ထင်ရှားရှားပြသနိုင်ခဲ့ပြီ ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဖဟန်းမြို့နယ် အမှတ်(၂) အခြေခံ ပညာ အ ထက် တန်းကျောင်း အထက်တန်း၊ အလယ်တန်း အဆင့် ကျောင်းသားများ ကျောင်းကောင်စီဥက္ကဋ္ဌ ဖလား မိုးရာသီ ကျောင်း

တွင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁၂ရက်က အားကစားနှင့် ကာယပညာသိပ္ပံ အားကစားကွင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမြင့်နှင့် ဆရာ ဆရာမများက အားကစားသမားများအား လိုက်လံနှုတ်ဆက်စဉ်။ (က-ပ)

ကမ္ဘာ တစ်လွှား အားကစား

ဥရောပချန်ပီယံလိဂ်တတိယဆင့်ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်များအနိုင်အရှုံး

ဘူခါရက် ဩဂုတ် ၁၂

၂၀၀၄-၂၀၀၅ ခုနှစ် ဥရောပချန်ပီယံလိဂ် တတိယအဆင့် ခြေစစ်ပွဲ ပထမအကျော့ပွဲစဉ်များကို ဩဂုတ် ၁၁ရက်က ယှဉ်ပြိုင်ကစားကြရာ မန်ချက်စတာယူနိုက်တက်၊ ရီးယဲမက်ဒရစ်၊ မိုနာကိုနှင့် ရက်ဒ်စတားဘဲလ်ဂရိတ် အသင်းတို့ အနိုင်ရရှိခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက်အသင်း(အင်္ဂလန်)သည် အိုလံပစ်တာဝန်နှင့် ဒဏ်ရာရမှုများကြောင့် ကစားသမား ခုနစ်ဦးပျောက်နေသည်။ ပထမပိုင်း ၁၀ မိနစ်တွင် ဒီနာမိုဘူခါရက်(ရိုမေးနီးယားအသင်း) ဘယ်တောင်ပံမှ ဖြတ်တင်လိုက်သောဘောလုံးကို ဒန်နီလော့စကီးက အပိုင်ကန်သွင်းခဲ့သည်။

ဒုတိယပိုင်း၃၈မိနစ်တွင် ရိုင်ယန်ဂစ်က မန်ချက်စတာအတွက် ချေပဂိုးသွင်းလိုက်သည်။ ဒုတိယပိုင်းတွင် လူစားဝင်လာသူ လီယမ်မီလာ ဘယ်တောင်ပံမှ ဖြတ်တင်သည့် ဘောလုံး ဒီနာမိုနောက်ခံလူနှင့်ထိပြီး ဂိုးဝင်သွားခဲ့သည်။

စပိန်မှ ရီးယဲမက်ဒရစ်အသင်းနှင့် ပိုလန်မှ ဝစ္စလာကရာကော့အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဖာနန်ဒိုမိုရီယန်တေးစ်က နှစ်ဂိုးစလုံး သွင်းယူပေးခဲ့သည်။

အီတလီမှ အင်တာမီလန်အသင်းနှင့် ဆွစ်ဇာလန်မှ ဘာဆဲယ်အသင်းတို့ပွဲတွင် ဘရာဇီးတိုက်စစ်မှူး အင်ဒရီယာနိုက ၁၉ မိနစ်တွင် အင်တာမီလန်အတွက် ဦးဆောင်ဂိုးသွင်းပေးခဲ့သည်။ ပွဲပြီးရန် ခြောက်မိနစ်အလိုတွင် ကွင်းလယ်ကစားသမား ဟက်ဂျယ်က



ထိုးဖောက်

မန်ချက်စတာယူနိုက်တက်အသင်းမှ ရွှိုင်ကိန်း၏ ထိုးဖောက်ကစားဟန်။

ဘာဆဲလ်အသင်းအတွက် ချေပဂိုးသွင်းခဲ့သည်။

အိုင်ယာလန်မှ ရှဲလ်ဘုန်းအသင်းနှင့် စပိန်မှ ဒီပို့တီဗိုအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေဖြစ်သွားခဲ့သည်။

ပြင်သစ်မှ မိုနာကိုအသင်းနှင့် ဆလိုဗေးနီးယားမှ နိုဗာဂိုရီကာအသင်းတို့ပွဲ၌ ဒုတိယပိုင်း ၅၃မိနစ်တွင် မိုနာကိုနောက်တန်းလူထွက်သွားရပြီး ၁၀ဦးတည်းနှင့် သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။

ဆာဘီးယားမှ ရက်ဒ်စတားဘဲလ်ဂရိတ်အသင်းနှင့် ဟော်လန်မှ အိုင်ဟိုဗင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ရက်ဒ်စတားဘဲလ်ဂရိတ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(ရိုက်တာ)

ဘရာဇီးတိုက်စစ်မှူးအေလ်တန် အကောင်းဆုံးဘောလုံးသမားဆုရ

ဘာလင် ဩဂုတ် ၁၂

ဘရာဇီးတိုက်စစ်မှူး အေလ်တန်သည် ယခင်နှစ်ဘောလုံးရာသီက ဘွန်ဒက်လီဂါနှင့်ဂျာမန်ဖလားများတွင် ဝါဒါဘရီမင်အသင်းအတွက် သူ၏ အနိုင်ဂိုးများသွင်းပေးခဲ့ခြင်းဖြင့် ပထမဆုံးသော နိုင်ငံခြားသား ဂျာမန်အကောင်းဆုံးဘောလုံးသမားဆုကို ရရှိခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ အဆိုပါ ဘောလုံးသမားသည် ဂျာမန်ပထမတန်း ထိပ်တန်းဘောလုံးအသင်းဖြစ်သည့် ဝါဒါဘရီမင်အသင်းအတွက် ပြီးခဲ့သော ဘောလုံးရာသီက ၂၈ ဂိုး သွင်းပေးခဲ့သူဖြစ်သည်။

အေလ်တန်သည် ဝါဒါ၏ပြိုင်ဘက် ရော့လ်ကေး-၀၄ အသင်းသို့ ရောက်ရှိကတည်းက ၇၁၂ မဲတွင် ၂၁၆ မဲဖြင့် အနိုင်ရရှိခဲ့သူ ဖြစ်သည်။ **(ရိုက်တာ)**

၂၀၀၇ ခုနှစ်ကမ္ဘာ့လူငယ်ချန်ပီယံဘောလုံးပြိုင်ပွဲ ကနေဒါနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

ဇူးရစ် ဩဂုတ် ၁၁

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ၂၀၀၇ခုနှစ် ကမ္ဘာ့လူငယ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ကနေဒါနိုင်ငံအား အင်္ဂါနေ့က သတ်မှတ်ရွေးချယ်လိုက်သည်။

ဖီဖာ၏ တာဝန်ရှိကော်မတီသည် အသက်၂၀အောက်လူငယ်ဘောလုံးသမားများ ပါဝင်ကစားမည့် ကမ္ဘာ့လူငယ်ချန်ပီယံရှစ် အိမ်ရှင်အဖြစ် လျှောက်ထားကြသည့် ကနေဒါနှင့် တောင်ကိုရီးယားတို့မှ တာဝန်ရှိသူများအား ဩဂုတ် ၆ရက်က တွေ့ဆုံဆွေးနွေးကြသည်။

ကနေဒါနိုင်ငံက ၂၀၀၇ ကမ္ဘာ့လူငယ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် တိုရွန်တိုမြို့၌ အားကစားကွင်းသစ် တည်ဆောက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဘရာဇီး လူငယ်များသည် ၂၀၀၃ ခုနှစ်က ယူအေအီး(အာရပ်စော်ဘွားများနိုင်ငံ)၌ ဆုဖလားရခဲ့ပြီးနောက် ကမ္ဘာ့လူငယ်ချန်ပီယံများအဖြစ် မင်းမူကြီးစိုးလျက်ရှိကြသည်။ ၎င်းတို့သည် နယ်သာလန်နိုင်ငံက ၂၀၀၅ခုနှစ် ကမ္ဘာ့လူငယ်များချန်ပီယံပြိုင်ပွဲတွင်လည်း ယင်းတို့၏ဖလားကို ကာကွယ်ရန် ကြိုးစားကြဦးမည်ဖြစ်သည်။ ၎င်း ၂၀၀၅ခုနှစ် ကမ္ဘာ့လူငယ်ချန်ပီယံ ဘောလုံးပြိုင်ပွဲကို နယ်သာလန်၌ ဇွန် ၁၀ရက်မှ ဇူလိုင် ၂ရက်အထိ ကျင်းပမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) ၁-၁-၂၀၀၅ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊(၁၉)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ်(၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ ပေါင် (၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ၊

(င) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ဓာတုဗေဒနှင့် ဇီဝဗေဒ ဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် **၈-၉-၂၀၀၄** ရက်နေ့မှ စတင်၍ အခမဲ့ရယူပြီး **၈-၁၀-၂၀၀၄** ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့်(၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲ တင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၁၆-၁၀-၂၀၀၄** ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ။

(ခ) **ဇီဝဗေဒ** ။ နေ့လယ် (၁) နာရီ မှ (၃) နာရီထိ။

၅။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းများကို တိုင်းစစ်ဌာနချုပ်များတွင် **၁၈-၁၁-၂၀၀၄** ရက်နေ့မှ **၂၁-၁၁-၂၀၀၄** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။ အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အကြောင်းကြားသွားမည်။ ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ်ပထမနှစ် (၅၀၀ိ/-)၊ ဒုတိယနှစ် (၅၁၀ိ/-)၊ တတိယနှစ်(၅၂၀ိ/-) စတုတ္ထနှစ်(၅၃၀ိ/-)ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါ ဘွဲ့များ အပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B. N.Sc (Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B. Pharm (Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc (Med. Tech) Bachelor of Paramedical Science(Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) B.P.Sc (Radiography) Bachelor of Paramedical Science(Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ) B.P.Sc (Physiotherapy) Bachelor of Paramedical Science (Physiotherapy)

၈။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

13-8 (13).p65 1 03/24/1905, 3:12 PM

ဓမ္မဒူတ အရှင်ဆေကိန္ဒ
ဟောကြားတော်မူသော
၃၅၃/၀၄ ၂၇–၅–၀၄
၁။ ချမ်းချမ်းသာသာနေတော့မယ်
(တရားတော် VCD)
၂။ ရှိတာပေးမပေးစေနဲ့
၄၈၇/၀၄ ၂၈–၇–၀၄
(တရားတော် VCD)

တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ဝိုင်း ဓမ္မာရုံ၌ ဩဂုတ် ၈ရက်က ဝိုင်းဥက္ကဋ္ဌ ဆရာတော်ထံသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းလှမောင်ကြီးနှင့် မြို့နယ်သာသနာရေးမှူး ဦးစိုးမြင့်တို့က သာသနာဝင် စိစစ်ရေး ကတ်ပြားများ ဆက်ကပ်နေစဉ်။ (၁၉၂)

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်အဖြစ် Shwe Saryan Open Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် မန္တလေးမြို့ Shwe Saryan Golf Resort ၌ ကျင်းပသည်။

စတင်ကျင်းပ

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ်(၁) (1st TEE)၌ နေရာယူကြပြီး MPGA နှင့် MGF ဥက္ကဋ္ဌ ဦးဝင်းလှိုင်၊ Rothmans of Pall Mall Myanmar Pte.,Ltd. မန်နေဂျင်းဒါရိုက်တာ Mr. Arend Ng နှင့် KM Golf Centreဒါရိုက်တာဦးသိန်းတန်ဆွေတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်

ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲ အပြီးတွင် Professional Golfers ပြိုင်ပွဲ၌ စိုးကျော်နိုင် (Pan-West)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

အောင်လှဟန်(Wilson) နှင့် ဇော်ဇော်လတ်(Pan-West) တို့က ၇၃ချက်စီဖြင့် ဒုတိယလိုက်ပြီး မင်းနိုင်(Srixon)နှင့် ဇော်ဦး(Wilson)တို့က ၇၄ ချက်စီဖြင့် တတိယလိုက်နေကြသည်။ အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် အောင်အောင်ကျော်က ၇၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မောင်လတ်က ၇၃ ချက်ဖြင့်ဒုတိယလိုက်နေပြီး ဘိုဘိုလေးက ၇၄ချက်ဖြင့် တတိယလိုက်နေသည်။

ကူညီပံ့ပိုး

ယင်းပြိုင်ပွဲကို Tours Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd. က ဖြစ်ပြီး Co-Sponsorsများဖြစ်ကြသော Air Mandalay၊ Tiger Beer၊ Alpine Drinking Water၊ Htoo Trading၊ KM Golf Centre၊ Maruman၊ Tour Stage၊ Srixon၊ Wilson ၊ Grandslam (Munsing Wear)၊ Accel International Co., Ltd.(Canon)၊ Sedona Hotel (Mandalay)၊ Sun Far Travels & Tours တို့က လည်းထပ်မံ၍ ကူညီပံ့ပိုးပေးကြသည်။

ဒုတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်နံနက် ၇နာရီခွဲတွင် ယင်းဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း (၃၇)ကြိမ်မြောက် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း(၂၀၀၃–၂၀၀၄)ခုနှစ် (၃၇)ကြိမ်မြောက် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် တက္ကသိုလ်ဝင် စာမေးပွဲအောင် ကျောင်းသားကျောင်းသူများ ဆုနှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ ကျောင်းသား ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၆ ဘာသာ ဂုဏ်ထူးရှင် ၃၃ ဦး
၅ ဘာသာ ဂုဏ်ထူးရှင် ၅၂ ဦး
၄ ဘာသာ ဂုဏ်ထူးရှင် ၄၈ ဦး
၃ ဘာသာ ဂုဏ်ထူးရှင် ၅၃ ဦး
၂ ဘာသာ ဂုဏ်ထူးရှင် ၅၉ ဦး
၁ ဘာသာ ဂုဏ်ထူးရှင် ၇၀ ဦး
ရိုးရိုး အောင်မြင်သူ ၁၄၉ ဦး

ကျင်းပမည့်နေ့ရက် – ၂၈–၈–၂၀၀၄ (စနေနေ့)
ကျင်းပမည့်အချိန် – နံနက် ၈း၀၀နာရီ
ကျင်းပမည့်နေရာ – ပညာ့ဗိမာန်ခန်းမ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း

အမှုဆောင်အဖွဲ့
မိဘဆရာအသင်း၊ ရန်ကုန်ပညာရေးတက္ကသိုလ်
လေ့ကျင့်ရေးအထက်တန်းကျောင်း။

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း (၂၀၀၃–၂၀၀၄)ပညာသင်နှစ် အာစရိယပူဇော်ပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း(၂၀၀၃–၂၀၀၄) ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား ကျောင်းသူများ၏ အာစရိယ ပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၁–၈–၂၀၀၄ (စနေနေ့)
ကျင်းပမည့်အချိန် – နံနက် ၈း၀၀နာရီ
ကျင်းပမည့်နေရာ – ပညာ့ဗိမာန်ခန်းမ လေ့ကျင့်ရေးအထက်တန်းကျောင်း ရန်ကုန်ပညာရေးတက္ကသိုလ်

မှတ်ချက် ။ ။ ကျောင်းသား၊ ကျောင်းသူများသည် ၁၁–၈–၂၀၀၄ မှ ၂၀–၈–၂၀၀၄အတွင်း အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့ ရန်ကုန်ပညာရေး တက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း စာကြည့်တိုက်အပေါ်ထပ် ခန်းမသို့ လာရောက်ဆက်သွယ်ကြပါရန်။

KMD

ကြံခင်းအထကရွှေရတုကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

ဧရာဝတီတိုင်း ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကျင်းပရေးအစည်းအဝေးနှင့် တာဝန်ပေးအပ်ပွဲကို ဇူလိုင်၃၁ရက် (စနေနေ့)မွန်းလွဲ၁နာရီက အထကကြံခင်း ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးပုက အမှာစကားပြောကြား၍ ကျင်းပရေးကော်မတီနာယက ဦးကြည်ဝင်းက လုပ်ငန်းကော်မတီအသီးသီး၏ အဖွဲ့ဝင်စာရင်းနှင့် လုပ်ငန်းတာဝန်များအား ဖတ်ကြားတာဝန်ပေးအပ်သည်။

မြတ်ဆရာပူဇော်ပွဲအတွက် ရပ်နီးရပ်ဝေးမှ အသက် (၆၀)နှင့် အထက် ဆရာ၊ ဆရာမကြီးများသည် မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာဖော်ပြ၍ ဦးကြည်ဝင်း ကျောင်းအုပ်ကြီး အထကကြံခင်း ထံသတင်းပေးပို့ဆက်သွယ်ကြရန်နှင့် အဝေးရောက်ကျောင်းသား ကျောင်းသူဟောင်းများသည် ကျင်းပရေးအလှူငွေများအား (ရန်ကုန်) ဦးသိန်းငွေ ဖုန်း–၆၈၀၃၀၂၊ ၂၂၇၂၃၃၊ ဒေါ်တင်တင်ထွေး ဖုန်း–၅၄၁၀၆၅၊ ဒေါ်ကြင်ရီဖုန်း–၂၂၆၆၃၇၊ ဒေါ်ကြည်ဝင်း ဖုန်း–၇၂၆၂၂၈၊ ဦးသိန်းလွင် ဖုန်း–၅၀၁၇၃၃ (၁၂၅)၊ (ကြံခင်း)ဒေါ်ယဉ်ယဉ်ထွန်း ဖုန်း–၀၅၃–၂၅၄၆၈၊ ဦးသိန်းတင် ဖုန်း–၃၅၈နှင့်ဦးမျိုးငွေ ဖုန်း–၃၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ **(က–ပ)**

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၁ရက်က အင်းစိန်အထက(၄) တွင် အမှတ် ၂၉၉ မာလာမြိုင်လမ်း ပေါက်တောရပ်ကွက် အင်းစိန် မြို့နယ်နေ ဆရာဦးအေးမင်းထွန်း မိသားစုက ကျောင်းသား ကျောင်းသူများအား အာဟာရ တိုက်ကျွေးစဉ်။

(ခရိုင် ပြန်/ဆက်)

Poem MTV & VCD Karaoke
အမှတ်တရ ဇာတ်သွင်း
AZADA
CITY FM

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်း ပြည့်ဖြစ်သည်။

B.A(Eng)
SUPER A ONE
Grammer.

ဆားလင်းကြီးမြို့ တောင်ကြားကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်အား ဆားလင်းကြီးမြို့ အရှေ့ဈေးရပ်နေ ဦးဆွေမြင့်–ဒေါ်မိမိသန်းမိသားစုက ထုံးသင်္ကန်း၊ ရွှေသင်္ကန်း ကပ်လှူ၍ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ရွှေထီးတော် တင်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက်က ကျင်းပစဉ်။ (၃၄၆)

ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်းမှု မော်ကျွန်းမြို့နယ် စည်ပင်အမှုဆောင်အရာရှိ စစ်ဆေး

မော်လမြိုင်ကျွန်း ဩဂုတ် ၂

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျွန်းကြီးကျေးရွာအုပ်စု၊ အထက်စုနှင့်အောက်စုကျေးရွာတို့ကို ဆက်သွယ်သည့် မြေသားလမ်းအား ကျောက်ချောခင်းရန်အတွက် ကျောက်များစုဆောင်းမှုအခြေအနေနှင့် မြေသားလမ်းအခြေအနေတို့ကို ဇူလိုင် ၂၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးတို့ ကွင်းဆင်း ကြည့်ရှုကြသည်။

ဆောင်ရွက်

အဆိုပါလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၂ သိန်းကျော်အကုန်အကျခံကာ ဆောင်ရွက်ပေးခြင်းဖြစ်သည်။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျောက်ချောလမ်းနှစ်လမ်း၊ မြေသားလမ်း တစ်လမ်းနှင့် ရေပေးရေးလုပ်ငန်း ၂၀ တို့ကို ငွေကျပ် ၁၃၅ သိန်း အကုန်အကျခံကာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သာယာဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပြုပြင်သောသုံးဆယ်မြို့ ရတနာပုံလမ်း ရေထုတ်မြောင်းတံတားလုပ်ငန်းကို ဇူလိုင် ၂၉ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေး ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဖေအောင်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

အကျဉ်းချုံးကြေးတိုင်လုပ်ငန်းသင်တန်း ကသာမြို့နယ်တွင် ရှင်းလင်းပို့ချ

ကသာ ဇူလိုင် ၃၀

ကသာခရိုင် ကသာမြို့နယ် မြေစာရင်းဦးစီးဌာန အကျဉ်းချုံးကြေးတိုင်လုပ်ငန်း သင်တန်းဖွင့်လှစ်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ခေတ္တ) ဥက္ကဋ္ဌ ဗိုလ်မှူးဌေးညွန့်နှင့် ကသာခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းမြင့်(၁)တို့ တက်ရောက်အမှာစကားပြောကြားကြသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ဦးစီးအရာရှိ ဦးမြင့်ဆွေက မြေစာရင်းကွင်းဝန်ထမ်းများအား ကသာမြို့နယ်တွင် ဆောင်ရွက်သည့် အကျဉ်းချုံးကြေးတိုင်လုပ်ငန်းနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပို့ချကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းလှမြို့နယ်တွင် ပန်းအလှပင်များစိုက်ပျိုး

မင်းလှ ဇူလိုင် ၃၀

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများသည် ဝက်လုလေး ကျေးရွာသားများနှင့်အတူ ၂၀၀၃–၂၀၀၄ခုနှစ် ဘဏ္ဍာနှစ်တွင် ဖောက်လုပ် ပြီးစီးသော ဝက်လုကြီး–ဝက်လုကလေး ကျေးလက်ဂဝံလမ်းဘေး ဝဲယာတွင် စိန်တံချူ အလှပန်းပင် ၂၀၀၀ မြေချစိုက်ပျိုးဆောင်ရွက်မှုကို ဇူလိုင် ၂၅ ရက်က မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့လက်ထောက်အင်ဂျင်နီယာ ဦးတင်လင်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်အောင်တို့က ကြီးကြပ် ဆောင်ရွက်ပေးကြသည်။ (မြို့ပြ) **(အပေါ်ပုံ)**

(မြို့နယ် စည်ပင်)

ကျေးလက်

—

သတင်းနှင့်

—

မြင်ကွင်း

ဇူလိုင် ၁၈ ရက်က လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက် ပညာအလင်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ရပ်ကွက်စာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်အုန်းမြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်နီနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ဇူလိုင် ၇ ရက်က အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် မြို့တွင်း တကောင်းလမ်း အရှည် ၁၄၂၅ ပေကို ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၀၇၄)

ဩဂုတ် ၆ ရက်က ချောင်းတွင်းလမ်းကတ္တရာခင်းခြင်းနှင့် အောင်သာယာ–အဖောင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအတွက် ဝယ်ယူစုဆောင်းသောလမ်းခင်းကျောက်များ ရောက်ရှိမှုအခြေအနေကို ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်စိုး၊ တာဝန်ခံအင်ဂျင်နီယာဦးဇော်ထွန်းနှင့် ဖျာပုံခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင်တို့ ကြီးကြပ်စစ်ဆေးကြစဉ်။ (၁၅၈)

e- Education Learning Centre

သင်ခန်းစာ ထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီထိ

၁၆–၈–၂၀၀၄ (တနင်္လာနေ့)

- ❑ Linear Transformation
  - တတိယနှစ်သင်္ချာအထူးပြု
- ❑ Logic of Truth Function
  - ဒုတိယနှစ်ဒဿနိကဗေဒအထူးပြု
- ❑ The Shell Model
  - တတိယနှစ်ရူပဗေဒအထူးပြု

၁၇–၈–၂၀၀၄ (အင်္ဂါနေ့)

- ❑ Homeostasis
  - ပထမနှစ်သတ္တဗေဒအထူးပြုများ
- ❑ Aquatic Biome
  - ဒုတိယနှစ်သတ္တဗေဒအထူးပြုများ

၁၈–၈–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

- ❑ External Features and Treatment of Ascaris Lumbricoides
  - ပထမနှစ်သတ္တဗေဒအထူးပြုများ
- ❑ Malarial Parasites of Man
  - တတိယနှစ်သတ္တဗေဒအထူးပြုများ
- ❑ Leaning & Methods of Practice
  - ဒုတိယနှစ်စိတ်ပညာအထူးပြုများ

၁၉–၈–၂၀၀၄ (ကြာသပတေးနေ့)

- ❑ The Role of The Headmaster
  - B.Ed(ဒုတိယနှစ် စာပေးစာယူ ကျောင်းသား ကျောင်းသူများ)
- ❑ Three Focal Points
  - B.Ed(ပထမနှစ် စာပေးစာယူ ကျောင်းသား ကျောင်းသူများ)

၂၀–၈–၂၀၀၄ (သောကြာနေ့)

- ❑ Transfer of Ownership
  - LL.B Final Year
- ❑ Evolution (ဆင့်ကဲဖြစ်စဉ်)
  - မဟာသိပ္ပံအရည်အချင်းစစ်
- ❑ နဝရတ်ကိုးသွယ် ရောင်စုံခြယ်
  - ပထမနှစ် (ဘူမိဗေဒ) ကျောက်မျက်ဝါသနာရှင်များ အများပြည်သူ

နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ

၂၁–၈–၂၀၀၄ (စနေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

၂၂–၈–၂၀၀၄ (တနင်္ဂနွေနေ့)

- ❑ အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် သင်ခန်းစာများ

ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော်

လှည့်လည်အပူဇော်ခံပွဲတော်ကြီး

(၁၀၄) ကြိမ်မြောက်၊ (၁၀၇) နှစ်ပြည့်၊ ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံပွဲတော်ကြီးကို ၁၃၆၆–ခုနှစ် တော်သလင်းလဆန်း (၁၂) ရက် (၂၅–၉–၂၀၀၄)နေ့မှ တော်သလင်းလပြည့်ကျော် (၁) ရက် (၂၉–၉–၂၀၀၄) နေ့အထိ (၅) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပါသည်။

၁၃၆၆–ခုနှစ် တော်သလင်းလဆန်း(၁၃)ရက်၊ (၂၆–၉–၂၀၀၄) နေ့ နေ့လယ် (၁)နာရီအချိန်မှစတင်၍ မြတ်စွယ်တော်ရထားနှင့် ဆင်တော်ပေါ် သို့ ပင့်ဆောင်ပြီး ယိမ်း–နိမိတ်–ဘာသာရေး အဖွဲ့အစည်းများ လိုက်ပါ ခြံရံလျက် မြို့ပတ်လှည့်လည်အပူဇော်ခံပါမည်။ ဈေးဆိုင်ပေါင်းများကို တော်သလင်းလဆန်း(၁)ရက်၊ (၁၄–၉–၂၀၀၄) နေ့မှစ၍ တော်သလင်း လဆန်း(၃)ရက်၊ (၁၆–၉–၂၀၀၄)နေ့ထိ ရောင်းချပြီး ဈေးဆိုင်သစ်များကို တော်သလင်းလဆန်း(၄)ရက် (၁၇–၉–၂၀၀၄) နေ့မှစ၍ တင်ဒါရောင်းချပါသည်။

အခြားမြို့နယ်များသို့ အလှူခံ မစေလွှတ်ပါ။

မြတ်စွယ်တော်ဆောင်ရွက်သူအဖွဲ့၊
ပေါင်းတည်မြို့။

လက်ထပ်ပြီးစီးခြင်း

ကျွန်တော်**ကိုဇော်ဝင်း** ၇/တငန(နိုင်) ၁၂၂၄၀၇နှင့် ကျွန်မ **မလှလှဦး** ၁၂/ကမတ(နိုင်) ၀၁၈၉၂၅တို့သည် ၂၈–၇–၂၀၀၄ရက်တွင် ပြည်မြို့တိုင်း တရားရုံး၌ လက်ထပ်ပြီးစီးပါကြောင်း။

ဇော်ဝင်း (မန်နေဂျာ၊ သစ်ထုတ်ရေး)သာယာဝတီမြို့သစ်ထုတ်လုပ်ရေး
လှလှဦး (အငယ်တန်း လ/ထ၊ ဘဏ္ဍာရေး) ဒုထွေဂျာရုံး၊ ပြည်မြို့။

TV

ရှုမှတ်သွားဆိုင်ရာ
သတင်းဦးသတင်းထူးများ ပါဝင်သည့်

The VOICE သတင်းဂျာနယ်

၁၆–၈–၂၀၀၄ နေ့တွင်
စာဖတ်သူများထံ ရောက်ရှိပါမည်။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်း တစ်တွင်းတူးဖော်ခွင့်လိုင်စင် ထုတ်ပေး ခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ ၁၄ရက် ရုံးချိန်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မြေအောက် ရေကြီးကြပ်မှုအရာရှိ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်–ဦးသိန်းဟန်
နေရပ်လိပ်စာ–အမှတ် (၁၄၁၉) ဆေးရုံလမ်း၊ ထူပါရုံ (၁)ရပ်ကွက်၊ သာကေတ
တူးဖော်မည့်နေရာ မြေကွက်အမှတ်–၁၄၁၉/က မြေတိုင်းရပ်ကွက်အမှတ် ၁၊ သာကေတ
ပုံ(သန်းသန်းစိုး)၊ မြေအောက်ရေကြီးကြပ်မှုအရာရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊(ရုံးချုပ်)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား

တင်ဒါစာတင်ခေါ်ခြင်း (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေ (Kyats) ဖြင့် ဝယ်ယူရန်အတွက် တင်ဒါစာတင်ခေါ် (Sealed Tender) များကို ဖိတ်ခေါ်ပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	9(T)1/MR(CRA) 2004-2005	Paper Cardboard for Printing Railways Ticket (Buff Colour) Sizes -640mm x 610mm Thickness -0.85mm Long Grain	50 M.Tons

၂။ [illegible]

[illegible]

ငွေချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့်–၅၊ နည်းဥပဒေ–၂၀ (၁)
စစ်တွေခရိုင်တရားမရုံးတော်၌
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်–၁၇

ဒေါ်အေးအေးမာ	**နှင့်**	၁။ ဦးနိုင်နိုင်ဇော်
ပြည်သူ့ဆေးရုံဝင်း		၂။ ဒေါ်အောင်ကြွဖြူ
အောက်ပိုင်းရပ်ကွက်		ဘုရားတကာလမ်း
မင်းပြားမြို့		ဈေးဟောင်းရပ်ကွက်၊ မင်းပြားမြို့။
တရားလို		**တရားပြိုင်များ**

တရားပြိုင် ဦးနိုင်နိုင်ဇော်၊ ဘုရားတကာလမ်း၊ ဈေးဟောင်းရပ်ကွက် မင်းပြားမြို့၊ ယခင်နေရပ်လိပ်စာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေ–၂၈၀၀၀၀၀/(ကျပ်နှစ်ဆယ့်ရှစ်သိန်းတိတိ) လက်ရောက်ရလိုမှုကို စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၁၆ ရက် (၁၃၆၆ ခုနှစ် ဝါခေါင်လဆန်း ၁ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက် ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စန်းလွင် (ခရိုင်တရားသူကြီး)
စစ်တွေခရိုင်တရားရုံး။

တာချီလိတ်မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်၊ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးသန်းဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးလင်းမြင့်တို့ ဩဂုတ် ၆ရက်က တာချီလိတ်မြို့ မဟာဟိုခမ်းရပ်ကွက်၊ ခွာညိုလမ်း အရှည်ပေ ၅၅၀၊ အကျယ် ၂၂ပေကို ငွေကျပ် ၆၅၈၀၀၀ဖြင့် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်မှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

အမ်အက်ဖ်အက်ဖ်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကန့်ဘလူမြို့၌ကျင်းပ

ကန့်ဘလူ ဩဂုတ် ၉

အမ်အက်ဖ်အက်ဖ်ဖလား ကန့်ဘလူမြို့နယ်အဆင့် ဘောလုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၈ရက် ညနေ၄နာရီက ကန့်ဘလူမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ရွှေဘိုခရိုင် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းနိုင်၊ အမ်အက်ဖ်အက်ဖ် ကမ္ဘာဇီဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကန့်ဘလူမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ် ဥက္ကဋ္ဌ ဦးတင်ထွန်း၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူးစောမျိုးလွင်၊ မြို့နယ် အားကစားဦးစီးအရာရှိ ဒေါ်သီသီဦး နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဘောလုံးသမားများ၊ ဝါသနာရှင်ပြည်သူများ တက်ရောက်သည်။

ရှေးဦးစွာ အက်ဖ်အက်ဖ်ဖလား နောက်ဆုံးဗိုလ်လုပွဲကို ကန့်ဘလူတိုက်နယ်(က)သင်းနှင့် ထန်းကုန်းတိုက်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကန့်ဘလူတိုက်နယ်(က) အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲဆက်လက် ကျင်းပရာ ပထမဆု ကျပ်သုံးသိန်း နှင့် အမ်အက်ဖ်အက်ဖ် ဖလားကို ကန့်ဘလူ တိုက်နယ်(က)အသင်းက လည်းကောင်း၊ဒုတိယဆု ကျပ်နှစ်သိန်း ကို ထန်းကုန်းတိုက်နယ်အသင်းက လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုငါးဆု ကျပ်နှစ်သောင်း စီတို့ကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။ **(က–ပ)**

ဖွင့်လှစ်ပြီး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ မှတ်ပုံတင်ပေးအပ်ပွဲ ဒိုက်ဦးမြို့နယ်တွင်ကျင်းပ

ဒိုက်ဦး ဩဂုတ် ၅

ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၏ စာကြည့်တိုက်မှတ်ပုံတင် ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၂ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်စန်းဦးက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားကြသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦးက ဒိုက်ဦးမြို့နယ်အတွင်း ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် မှတ်ပုံတင်၂၅ခုကိုပေးအပ်ရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန် လက်ခံရယူသည်။ **(ယာပုံ)**
(မြို့နယ်ပြန်/ဆက်)

မြန်မာ့အသံ

၁၄–၈–၂၀၀၄(စနေနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်) –အဖိတ်နေ့နှိုးဆော်ချက်

နေ့လယ်ပိုင်း

၀၉း၃၀	ခေတ်ပေါ်တေး
၀၉း၄၅	အာဆီယံအစီအစဉ်
၁၀း၀၅	အာယုနှင့် သာစုဆွေးနွေးခန်း
၁၁း၁၅	သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ချက်များ)
၁၁း၃၅	ရေဒီယိုမဂ္ဂဇင်း (၁)လမြတ်ဝါဆို(ခေါင်းကြီး) (၂)လက်ဆောင်မွန် (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၀	ကလေးများအတွက် အင်္ဂလိပ်စာ
၁၃း၁၀	ပညာရေးအသံလွှင့်အစီအစဉ် (ဒသမတန်း–ပထဝီဝင်)

ညနေပိုင်း

၁၆း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်ပါဠိတော်နှင့်အနက်)
၁၆း၁၀	သုခ၏ မေတ္တာသုတ်အဖွင့် (စတုတ္ထပိုင်း)
၁၇း၀၀	ခေတ်ဟောင်းတေး
၁၇း၃၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇း၄၅	ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ကျန်းမာသက်ရှည်နေနိုင်ရေး– ဦးဉာဏ်ထွန်း–ညွှန်မှူး–အား/ကာ)
၁၈း၄၅	နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉း၁၅	အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်လယ်ထွန် မင်္ဂလာ(ပထမပိုင်း)
၂၀း၃၀	အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် ဇာတ်အဖွဲ့မှ ဗုဒ္ဓဝင်လယ်ထွန် မင်္ဂလာ(ဒုတိယပိုင်း)

စုပေါင်းစိုက်ပျိုး

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်တင်နှင့် ဝန်ထမ်းများ ကသာမြို့သာယာလှပရေးအတွက် ဇူလိုင် ၂၀ ရက်က ကသာမြို့ ပိတောက်ရွှေဝါ လမ်းဘေးဝဲယာ တို့တွင် ပန်းအလှပင်များ စုပေါင်း စိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)

မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့်တိုက်ရိုက်မျိုးစေ့ချစွမ်းရည်ပြိုင်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေး၊ ဆုရသူများအား ဆုချီးမြှင့်ပေး

ရန်ကုန် ဩဂုတ် ၁၂

ပဲခူးတိုင်း ပဲခူးမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်တို့နှင့်အတူ ဩဂုတ်၉ရက်နံနက် ၈နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စု၌ကျင်းပသော ပဲခူးတိုင်း ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် **(ယာပုံ)** နိုင်ငံတော်၏ စီးပွားရေးသည် အဓိကအားဖြင့် စိုက်ပျိုးရေးအပေါ်တွင် မူတည်လျက်ရှိကြောင်း၊ အလားတူစွာ အများစုဖြစ်သော ကျေးလက်နေ ပြည်သူများ၏ စီးပွားရေး တိုးတက်မှုသည်လည်း စိုက်ပျိုးရေးအပေါ်တွင် မူတည်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး တိုးတက်မှသာ ပြည်တွင်းစားသုံးမှု ဖူလုံပြီး ပိုလျှံသည့်သီးနှံများကို နိုင်ငံခြားသို့တင်ပို့နိုင်မှသာ နိုင်ငံတော်၏စီးပွားရေးသည် တောင့်တင်းခိုင်မာလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်တွင်းစားသုံးမှုအတွက် အရေးကြီးသည့်အပြင် ပြည်ပပို့ကုန်ဖြစ်သော အဓိကသီးနှံ၁၀မျိုးကို ရွေးချယ်သတ်မှတ်ပြီး ပြည်နယ်နှင့်တိုင်းများအတွက် နှစ်စဉ်လျာထားသတ်မှတ်ချက်များ ချပေးပြီး စီမံကိန်းနှင့်အညီ တိုးတက်အောင် စိုက်ပျိုးစေလျက်ရှိကြောင်း။

ရည်မှန်းချက်ပြည့်မီအောင်ဆောင်ရွက်

အဓိကသီးနှံ ၁၀မျိုးအနက် အရေးကြီးဆုံးဖြစ်သော စပါးကို တစ်နှစ် မိုးစပါးဧက ၁၃ဒသမ ၆၉သန်း၊ နွေစပါးဧက ၃ဒသမ ၃၈သန်းအထွက်တင်းသန်း ၁၂၀၀ရရှိရေးအတွက် နိုင်ငံတော်က လျာထားပြီး ပြည်နယ်နှင့် တိုင်းအသီးသီးကို ကြိုးပမ်းစိုက်ပျိုးစေခဲ့ကြောင်း၊ ထို့ကြောင့် စပါးစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း၊ ၁၉၈၂–၁၉၈၃ခုနှစ်တွင် နိုင်ငံတော်တစ်ခုလုံး မိုးစပါး၁၂ဒသမ၉သန်းစိုက်ပြီး စပါးအထွက် တင်းသန်း ၆၈၀သာ ထွက်ရှိခဲ့ရာမှ ၂၀၀၁–၂၀၀၂ခုနှစ်တွင် မိုးစပါး ၁၃သန်း၊ နွေစပါး နှစ်သန်း စိုက်ပျိုးပြီး စပါးအထွက်တင်းသန်း ၁၀၅၀ထွက်ရှိခဲ့ကြောင်း၊ ယခင်နှစ် ၂၀၀၃–၂၀၀၄ခုနှစ်တွင် မိုးစပါးဧက၁၃ဒသမ၄၃သန်း၊ နွေစပါးဧက ၃ဒသမ ၁၀သန်း စိုက်ပျိုးကာ စပါးအထွက်တင်းသန်းပေါင်း ၁၁၅၆တင်းအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ ဤကဲ့သို့ ပြည်နယ်နှင့်တိုင်းများမှစပါးစိုက်ပျိုးရေးကို အားသွန်ခွန်စိုက် တိုးတက်ကြိုးပမ်း စိုက်ပျိုးခဲ့သော်လည်း နိုင်ငံတော်၏ ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရကြောင်း။

အလေးအနက်တိုက်တွန်းပြောကြား

ထို့ကြောင့် နိုင်ငံတော်၏စပါးစိုက်ဧက ရည်မှန်းချက် ပြည့်မီရေးအတွက် ပဲခူးတိုင်းအနေဖြင့် ယခုနှစ်တွင် ယခင်ကထက် မိုးစပါးဧက နှစ်သိန်းတိုးပြီး ဧက၂၆သိန်းကျော် စိုက်ပျိုးနိုင်ရေး၊ နွေစပါးကိုလည်း ယခင်နှစ်ကထက် ဧကလေးသောင်းတိုးပြီး သုံးသိန်းပြည့်အောင် စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်များအလိုက် တာဝန်ပေးပြီး ဆောင်ရွက်စေခဲ့ရာ ယနေ့ပဲခူးတိုင်း၏ မိုးစပါးရေတော် မိုးတော်ဧက ၂၂သိန်းသုံးသောင်းကျော်ကို ကြိုးပမ်းစိုက်ပျိုးပြီး GDP လျာထားချက်၏ ၉၁ရာနှုန်းအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည့်အတွက် အလွန်ဝမ်းမြောက် ဂုဏ်ယူဖွယ်ရာကောင်းကြောင်း ပြောကြားလိုကြောင်း၊ ယင်းအောင်မြင်မှုကို ကျေနပ်မနေဘဲ ကျန်ရှိသည့် မိုးစပါးများကို ရာသီကုန်တွင် ပြည့်မီကျော်လွန်ရေး၊ စိုက်ပျိုးပြီးစပါးများ ရှင်သန်ဖြစ်ထွန်းပြီး ပန်းတိုင်အထွက်ရရှိရေးနှင့် နွေစပါးကိုလည်း လျာထားသည့်အတိုင်း ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရေးကိုလည်း အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

ဆက်လက်တည်ဆောက်ပေး

နိုင်ငံတော်အနေဖြင့်လည်း ပြည်နယ်နှင့်တိုင်းအားလုံး မိုးစပါး၊ နွေစပါးများ လျာထားချက် အောင်မြင်စွာ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေရရှိရေးအတွက် ယနေ့အထိ တစ်နိုင်ငံလုံး ဆည်မြောင်းတာတမံပေါင်း ၁၆၂ ခုတည်ဆောက်ပေးပြီး ၂၈ခုကိုလည်း ဆက်လက် တည်ဆောက်ပေးနေဆဲ ဖြစ်ကြောင်း၊ ထို့အပြင် မြစ်ရေတင် စီမံကိန်းပေါင်း၂၆၅ခုကို တည်ဆောက်ပြီး စိုက်ပျိုးရေများပေးလျက်ရှိသည့်အပြင် စီမံကိန်း ၃၀ ကိုလည်း တည်ဆောက်ပေးနေဆဲဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွင်းတွင် ဆည်တာတမံပေါင်း ၄၀ ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဆည်ငါးခုကို ဆက်လက်တည်ဆောက်ပေးလျက်ရှိကြောင်း။

တစ်ဖက်၌လည်း နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ စီးပွားရေး တိုးတက်ပြီး၊ စိုက်ပျိုးရေးများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ တစ်သီးက နှစ်သီး၊ နှစ်သီးက သုံးသီး သီးထပ်/သီးညှပ် စိုက်ပျိုးနိုင်ရေးဆောင်ရွက်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေးနှင့် ကိုယ့်မျိုးကိုယ် စနစ်တကျ ထားရှိတတ်ရေးတို့အတွက်ပါ ပညာပေးခြင်း၊ ကူညီခြင်း၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အကျိုးရှိရှိ သုံးစွဲတတ်ရေး ပညာပေးခြင်း၊ လုပ်အားနှင့်အချိန်ကုန်သက်သာပြီး ကုန်ကျစရိတ်လည်းသက်သာသည့် တိုက်ရိုက်မျိုးစေ့ချစနစ်တို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ပညာပေးလျက်ရှိသဖြင့်ကျေးလက်နေပြည်သူများအနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးရေးရည်မှန်းချက်များကို အောင်မြင်အောင် အင်တိုက်အားတိုက် ကြိုးပမ်းအားထုတ် စိုက်ပျိုးကြရန် တိုက်တွန်းလိုကြောင်း။

အဓိကသီးနှံ ၁၀ မျိုးအပြင် နှစ်ရှည်သီးနှံသုံးမျိုးဖြစ်သော အိုးအုန်း၊ ရော်ဘာ၊သစ်ဆိမ့် တို့အနက် ပဲခူးတိုင်း၌ ဖြစ်ထွန်းသည့် ရော်ဘာနှင့် သစ်ဆိမ့်ပင်များကိုလည်းကောင်း၊ အမယ်သစ်(အမည်သစ်) သီးနှံသုံးမျိုးဖြစ်သည့် လက်ဖက်၊ ကော်ဖီနှင့် ငရုတ်ကောင်းတို့ကိုလည်းကောင်း စိုက်ပျိုးဖြစ်ထွန်းသည့် နေရာများတွင် စီမံကိန်းချမှတ်ပြီး စီးပွားဖြစ်ကြိုးပမ်းစိုက်ပျိုးကြရန်နှင့် မိမိတို့ဒေသတွင် ဖြစ်ထွန်းသည့် မွေးမြူရေးများကိုလည်း တိုးချဲ့မွေးမြူကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုက အမှာစကား ပြောကြားသည်။

ယင်းနောက် တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်၊ ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မင်း၊ ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းအေးနှင့် သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းတို့က မိမိတို့နှင့် သက်ဆိုင်ရာ ခရိုင်အလိုက် ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး ရေတော်မိုးတော်ဧကထွန်တုံးပိတ်အစီရင်ခံစာများကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုထံ ပေးအပ်ကြသည်။

စတင်ယှဉ်ပြိုင်

ဆက်လက်၍ မျိုးစေ့ချ ကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ခရိုင်ကိုယ်စားပြု အသင်းများက ပြိုင်ပွဲကျင်းပမည့် ကွင်းအတွင်း နေရာယူကြပြီး ပြိုင်ပွဲစတင်ရန်အတွက် ချိန်မှတ်ဒိုင်က အချက်ပေး၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်ရာ ပြိုင်ပွဲဝင်ခရိုင်လေးခရိုင်ကိုယ်စားပြု အသင်းများက မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ၂၀၀၄–၂၀၀၅ ခုနှစ် မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် မျိုးစေ့ချ ကိရိယာဖြင့် တိုက်ရိုက်မျိုးစေ့ချ စွမ်းရည်ပြိုင်ပွဲကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဆုချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကြိုးတန်းဖြင့် တိုက်ရိုက်မျိုးစေ့ချသရုပ်ပြသသော ပဲခူးမြို့နယ် မယင်းကျေးရွာအုပ်စုမှ ကောက်စိုက်လုံမေများအား ဂုဏ်ပြုဆုကို လည်းကောင်း၊ ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများအား ယှဉ်ပြိုင်ဆုများကိုလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင် တတိယဆုရရှိသော ပဲခူးခရိုင်(ခ)အသင်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းကလည်းကောင်း၊ ဒုတိယဆုရရှိသော ပြည်ခရိုင်(ခ) အသင်းအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ပထမဆုရရှိသော ပဲခူးခရိုင်(က)အသင်းအား ဂုဏ်ပြုဆုကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဩဂုတ် ၇ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကံလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

အင်းစိန် အမက(၄၄) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၇ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက တတိယတန်းမှ ဘာသာစုံပထမဆုရ မယုဇနကိုကိုအား ဆုချီးမြှင့်စဉ်။ (ဝ၄၆)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ရန်ကုန် ဩဂုတ် ၁၂

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အလုံမြို့နယ် သစ်တောရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ရွှေအလင်းပြကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ်၁ရက် နံနက် ၉နာရီကကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဌေးဝင်းနှင့် မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူးဒေါ်ခင်မမတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(ယာပုံ)

အခမ်းအနားတွင်မြို့နယ်အတွင်းရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးစိန်တိုးက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် စာကြည့်တိုက်ဖွင့်လှစ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဩဂုတ်လ ၂ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေပေးဝေရေးလုပ်ငန်းသုံးအတွက် လိုအပ်လျက်ရှိသော Electro Chlorinator(One Complete Set) ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် ပစ္စည်းပေးသွင်းလိုသူများထံမှ မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ဈေးနှုန်းလွှာများကို ၂၅-၈-၂၀၀၄ နေ့ (၁၆:၀၀) နာရီအချိန် နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံ တစ်စုံလျှင် ကျပ် ၁၀၀၀/-(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်- ၂၇၆၀၈၆၊ ၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ (၂၃၅) တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ၊ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

အမည်ပြောင်း

အဖ ဦးကျိုးရီ၏သမီး ထားဝယ်မြို့ TTC ပထမတန်းမှ မဖူးဝတ်ရည်အား ယနေ့မှစ၍ မခိုင်ဇာသွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်ဇာသွယ်။

သားအဖြစ်မှစွန့်လွှတ်ခြင်း

ဟဲဟိုးမြို့၊အလယ်ပိုင်း၊(၃)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးနေ ဦးချစ်သိန်း-ဒေါ်စန်းတို့၏သား မောင်ဇော်မိုးဦး ၁၂/သလန(နိုင်)ဝ၇၅၁၉၁ သည် မိဘတို့ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်သက်ဆိုင်မှု လုံးဝမရှိပါ။ **ဦးချစ်သိန်း-ဒေါ်စန်း ဟဲဟိုးမြို့။**

အများသိစေရန်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ် မလွှကုန်း-ပုသိမ်ညွှန့်ရပ်ကွက် သတိပဋ္ဌာန်လမ်း၊ အိမ်အမှတ် ၆၆ ၏ (ပ)လွှာ၊ ခြေရင်းခန်းအား ကန်ထရိုက်တာဦးမြင့်ဦး L/RGN-၀၃၇၀၂၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူတို့သည် ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာသည့်နေ့ (၁၃-၈-၂၀၀၄)မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်ယဉ်နွယ်စိုး B.Sc,H.G.P,R.L
တရားရုံးချုပ်ရှေ့နေ
၅၆၀၊ကေတုမတီ (၁၈)လမ်း၊
(၆)ရပ်ကွက်၊ တ/ဥက္ကလာ။

လွမ်းဆွတ်သတိရခြင်း
ဒေါ်နန်းနီလာဖြူ
(လှိုင်လင်မြို့)
(၁၃-၈-၂၀၀၂၊ ၁၃-၈-၂၀၀၄)

ချစ်ဇနီး ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ခဲ့သည်မှာ နှစ်နှစ်ရှိခဲ့ပါပြီ။ ကွယ်လွန်သူအတွက် ရည်စူး၍ လှူဒါန်းသော ကောင်းမှုအစုစုတို့ကို အေးချမ်းရာဘုံဘဝမှ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

ခင်ပွန်း - **ခင်မောင်ဝင်း Sanyu Consultants Inc Yangon Office**

သမီး - **ဆုစန္ဒီဝင်း V.Bအထက (၂) ကမာရွတ်။**

ဆေးတက္ကသိုလ်(၂)သူငယ်ချင်းများသို့

ဆေးတက္ကသိုလ်(၂) မင်္ဂလာဒုံ (၁၉၇၄ ခု စက်တင်ဘာ)နှင့် ၁၉၇၄မှ ၁၉၈၂ အတွင်း ဆုံတွေ့ခဲ့ကြသော တို့သူငယ်ချင်းများရဲ့ ဆရာသမားများကို ကန်တော့ကြမယ်။

ရက်စွဲ - ၁၃-၁၁-၂၀၀၄(စနေနေ့)

အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီ

နေရာ - IBCခန်းမ၊ ၆-မိုင်ခွဲ၊ ပြည်လမ်း၊

အလှူငွေများကို စက်တင်ဘာလကုန် နောက်ဆုံးထား၍ ထည့်ဝင်ကြပါရန်။

ဆက်သွယ်ရန် - နေစိုးမောင် - ၀၉-၈၀ ၃၀၂၀၅၊
စန်းလွင် - ၅၄၈၈၉၁
မြင့်နိုင် - ၀၉-၅၀ ၁၈၈၉၂။

ကြော်ငြာစာ

တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်းဥပဒေ-၈ အရ
တောင်ငူမြို့ မြို့နယ်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၄

အိမ်ချမ်းဗုဒ္ဓဘာသာဘုရားကျောင်း	**နှင့်**	ဒေါက်တာတင်တင်ဝင်း
၁၆/၁၂၉၊ ဈေးလမ်း၊ တောင်ငူမြို့		အမှတ် ၁၆/၁၂၉၊ ဈေးလမ်း၊
၁။ ဦးကျင်စိန် ဒုဥက္ကဋ္ဌ		(၁၆)ရပ်ကွက်၊
၂။ ဦးတန်အိကောင် အဖွဲ့ဝင်		တောင်ငူမြို့။
၃။ ဦးစိန်မောင် အဖွဲ့ဝင်		
တရားလိုများ		**တရားပြိုင်**

တောင်ငူမြို့၊ ၁၆/၁၂၉ ရှိ အိမ်ချမ်းဗုဒ္ဓဘာသာဘုရားကျောင်း အသင်းသားများသိစေရန် ကြေညာပါသည်။

၁။ တောင်ငူမြို့၊ အမှတ် ၁၆/၁၂၉၊ ဈေးလမ်း၊ (၁၆)ရပ်ကွက်၊ အရှေ့ဘက်လားသော် မစန္ဒာဝင်းနှင့် မောင်ညွှန့်ဝင်း၊ အနောက်ဘက်လားသော် ဦးမောင်ကို-မခင်ဝင်း၊ တောင်ဘက်လားသော် ဈေးလမ်း၊ မြောက်ဘက်လားသော် မစန္ဒာဝင်းနှင့် မောင်ညွှန့်ဝင်း၊ အလားလေးရပ်အတွင်းရှိ အိမ်ချမ်းဗုဒ္ဓဘာသာ ဘုရားကျောင်း၊ အောက်ထပ်အိမ်ခန်းတစ်ခန်းကို တရားပြိုင် ဒေါ်တင်တင်ဝင်းအားငှားရမ်းခဲ့ပြီး အိမ်ငှားအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)၊ ဒုတိယပိုင်းနှင့် ၁၂(၁)(ဂ)အရ တရားစွဲဆိုခဲ့သည်ဖြစ်၍ အိမ်ချမ်းဗုဒ္ဓဘာသာဘုရားကျောင်း အသင်းသားများအနေဖြင့် ကန့်ကွက်ပြောဆိုလိုသူများရှိပါက ဤရုံးတော်သို့ (၂၀၀၄ ခုနှစ် ဩဂုတ်လ ၂၇ ရက်) နေ့တွင် လာရောက်ကန့်ကွက်ပြောဆိုနိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့်-၁။ နည်းဥပဒေ-၁ နှင့် ၈ တို့အရ ကြော်ငြာလိုက်သည်။

၂။ ဤကြော်ငြာသတ်မှတ်သည့်နေ့ရက် နောက်ပိုင်းတွင် လာရောက်၍ ပြောဆိုကန့်ကွက်လာပါက ရုံးတော်အနေဖြင့် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးစိုး(တ-၁၇၅၃)
မြို့နယ်တရားသူကြီး
တောင်ငူမြို့။

အမည်ပြောင်း

အဖ ဦးတင်ဦး၏သား အထက (၁)မော်ဘီ ဒသမတန်း(A)မှ မောင်ပြည့်ဖြိုးဦးအား မောင်ပြည့်ဖြိုးဟန်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ပြည့်ဖြိုးဟန်။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် ယ/၄၂၄၆၄ (ဒီဒီ)၊ မော်တော်ယာဉ် ဏ/၇၇၄၄ လက်ဝယ်ရှိသူများက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ထားလာသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန(လှိုင်လင်)။

ကျေးဇူးတင်ရှိခြင်း
ဦးခင်မောင်သန်း
B.Sc, B.L, D.I.C.T.A
ညွှန်ကြားရေးမှူး(ငြိမ်း)ပြည်တွင်းအခွန်

၂-၈-၂၀၀၄ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးခင်မောင်သန်း နာမကျန်းစဉ်က အထူးကြပ်မတ်ကုသပေးခဲ့သော အထွေထွေရောဂါအထူးကုသမားတော်ကြီးနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ UHC အထူးကုဆေးခန်းမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဒေါက်တာရည်ရည်ခိုင်
M.B.,B.S (Ygn)
ပေါင်းတလည်/ပေါက်ခေါင်းမြို့
အသက်(၄၄)နှစ်

၁၃-၇-၂၀၀၄ ရက်တွင် ကွယ်လွန်ခဲ့သော ဒေါက်တာရည်ရည်ခိုင် မကျန်းမာစဉ်က အစစအရာရာ ဝိုင်းဝန်းကြိုးပမ်း ကုသပေးခဲ့ကြသော သမားတော်ကြီးများနှင့် သူနာပြုများအား လည်းကောင်း၊ ကွယ်လွန်ချိန်အထိ အနီးကပ်တရားပြပေးခဲ့ကြသော တရားနည်းပြဆရာများနှင့် ဆရာမလေးအားလည်းကောင်း၊ နောက်ဆုံးဈာပနခရီးစဉ်အတွက် အစစအရာရာကူညီပြီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်း၊ လွမ်းသူ့ပန်းခွေများ၊ ပန်းခြင်းများပေးပို့ခြင်း၊ လှူဖွယ်ပစ္စည်းများပေးပို့ခြင်း၊ ကားလေးယာဉ်များဖြင့် လိုက်ပါပို့ဆောင်ကူညီခြင်း၊ မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲကြသော ပေါင်းတလည်နှင့် ပေါက်ခေါင်းမြို့တို့မှ မြို့မိမြို့ဖများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ မေးမြန်းနှစ်သိမ့်အားပေးကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအားလည်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
ဒေါက်တာရည်ရည်ခိုင်
အသက်(၄၄)နှစ်
(၁၃-၇-၂၀၀၄ မှ ၁၃-၈-၂၀၀၄)

သမီးကြီး မိသားစုနဲ့ ခွဲခွာခဲ့သည်မှာ တစ်လပြည့်ခဲ့ပါပြီ။ မလွန်ဆန်နိုင်သော သင်္ခါရတရားမို့ စိတ်မှာဖြေသော်လည်း တစ်စက္ကန့်မျှ မေ့မရပါ။ သမီးကြီးရဲ့ မိသားစုအပေါ်ထားခဲ့သော ချစ်ခင်ကြင်နာ ညာတာထောက်ထားမှုအစုစုကို သတိရလွမ်းဆွတ်လျက်ပါ။ သမီးကြီးအတွက် ရည်စူး၍ နေ့စဉ်ပြုသမျှ ဒါန သီလ ဘာဝနာ ကုသိုလ်ကောင်းမှုအားလုံးကို အမျှပေးဝေပါတယ်။ မြင့်မြတ်၍ ငြိမ်းချမ်းသော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ၊ အမျှ အမျှ အမျှ။

ဖေဖေ ဦးသိန်းခိုင်-မေမေဒေါ်မြင့်ကြည်
ညီမ အိစံ၊သီသီအောင်၊ပေါက်ခေါင်းမြို့။

လွမ်းဆွတ်သတိရခြင်း
ဒေါက်တာရည်ရည်ခိုင်

တူမလေး မချို ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်ခဲ့ပါပြီ။ တစ်နေ့မှမေ့မရပါ။

တူမလေးအတွက် ရည်စူးပြီး တီလေး နေ့စဉ်ပြုသမျှ ကုသိုလ်ကောင်းမှုအားလုံးကို အမျှပေးဝေပါတယ်။ မြင့်မြတ်၍ ငြိမ်းချမ်းသောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

တီလေး-ဒေါ်ခင်အေးဆွေ
ရန်ကုန်မြို့။

လွမ်းဆွတ်သတိရခြင်း
ဒေါက်တာရည်ရည်ခိုင်

တူမလေး မချို ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်ခဲ့သော်လည်း တစ်နေ့မှ မေ့မရပါ။

လေးလေးတို့ပြုသမျှ ကုသိုလ်ဒါန အားလုံးအမျှပေးဝေပါတယ်။
မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

လေးလေး-ဦးသန်းနိုင်တာ-Dr.ဒေါ်သိန်းနွဲ့
ညီမလေး သီဂီသန်းနိုင်၊
မောင်လေး ချမ်းမင်းနိုင်၊ရဲမင်းနိုင်
မန္တလေးမြို့။

တစ်လပြည့်အလွမ်း
ဒေါက်တာရည်ရည်ခိုင်

မကြီး မိသားစုနဲ့ ခွဲခွာသွားခဲ့သည်မှာ တစ်လပြည့်ခဲ့ပါပြီ။

မလွန်ဆန်နိုင်သော သင်္ခါရတရားမို့ စိတ်မှာဖြေသော်လည်း တစ်စက္ကန့်မျှ မေ့မရပါ။

မကြီးအတွက် ရည်စူးပြီး ဝါဆိုလပြည့်နေ့ကပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုအား အမျှပေးဝေပါတယ်၊ မြင့်မြတ်၍ ငြိမ်းချမ်းသောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။ အမျှ-အမျှ-အမျှ-။

ညီမ- Dr. ခင်မောင်ဇော်-မသီတာခိုင်
ညီမ-နေမင်းဇော်-မသက်သက်ခိုင်
တူမလေးများ-မွှေ့မွှေ့၊ ကြွေ့ကြွေ့၊ ပွေ့ပွေ့
ပြည်မြို့။

ကျေးဇူးဆပ်ပါမည် ကျွန်တော်မောင်ဇော်ဇော် ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် အမှတ်-၄၃၄၂၃၃ သည် လမ်းသွားရင်း ၁၀-၈-၂၀၀၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကဆက်သွယ်ရန် ဖုန်း-၅၄၃၉၄၂။ **မောင်ဇော်ဇော်။**

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးတင်ဦး
မြဝတီပုံနှိပ်တိုက် (ငြိမ်း)
အသက်(၇၂)နှစ်

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်နေ (ဦးဘိုးမင်း–ဒေါ်သန်းခင်)တို့၏ သားကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒတ် ၁၀ လမ်း၊ အမှတ် ၆၀၁ နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ (ဦးမောင်ရွှေ)–ဒေါ်ခင်လတ်၊ (ဒေါ်ခင်မြင့်)၊ (ဦးတင်ထွေး)၊ ဦးအောင်ကြည်မင်း(မြန်မာ့အလင်းသတင်းစာ)–ဒေါ်နော်ပွယ်ထူး(မြန်မာ့အလင်းသတင်းစာ)၊ ဦးတင်မြင့်–ဒေါ်ခင်ဌေးရီ၊ ဒေါ်ခင်အေးကြည်၊ ဦးမြင့်သန်း(အမှတ်–၁၊ အခြေခံပညာဦးစီးဌာန)–ဒေါ်ခင်အေးသန်း(အမှတ်–၁၊ အခြေခံပညာဦးစီးဌာန)တို့၏အစ်ကိုကြီး၊ ဒေါ်ခင်ညိုညို(ဒု–ဦးစီးမှူး၊ အမှတ်–၁၊ အခြေခံပညာဦးစီးဌာန)၊ ဒေါ်မြင့်မြင့်ရီ၊ ဦးဇော်မင်း(တပ်စာရင်းကိုင်၊ ကကဌေ)–ဒေါ်ချိုချိုအေး၊ ဦးမျိုးဆွေ–ဒေါ်စန်းစန်းဝင်း(ရုံးအုပ်၊ကကဌေ)၊ ဦးကျော်မင်း(မှတ်တမ်းစာရေး၊ ကကဌေ)တို့၏ဖခင်၊ မခိုင်သဇင်ဝင်းဆွေ၊ မောင်သန့်ဇင်မင်းတို့၏အဘိုးသည် ၁၁–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၆း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကျင်ဟုန်(ခ)ဒေါ်သန်းမြင့်
(၂၃လမ်း၊ ကျောက်ကျောဆိုင်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၃ လမ်း၊ အမှတ် ၁၃၄ (မြေညီထပ်)နေ [ဦးချွန်တိတ်(ခ)ဦးလှမြင့်]၏ဇနီး၊ မစန်းစန်းမြင့်–ကိုမောင်မောင်သစ်(ဗလ)၊ မသိန်းသိန်း–ကိုရွှေမြ၊ မခင်အေးမြင့်–ဒေါက်တာကိုမြင့်ဟန်၊ မမြတ်ညို–ကိုဇေယျ၊ မတင်တင်ထွေး–ကိုဟန်မျိုးအောင်၊ မောင်မျိုးဆက်(ခ)မောင်မြသိန်း၊ မတိုးတိုးလွင်တို့၏မိခင်၊ မောင်ကြည်လင်း၊ မောင်ဝေလင်းနိုင်၊ မောင်ထက်မြက်ဟန်၊ မလွင်မာဟန်၊ မောင်အန်ထော်နီ(ခ)မောင်လှအောင်တို့၏အဘွား အမှတ် ၁၃(ပထမထပ်)၊ ၁၄ လမ်း(အောက်လမ်း)၊ လမ်းမတော်မြို့နယ်နေသူသည် ၁၁–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း ဒါယကာ
ဦးအော်က(ခ)တန်ကုတ်ကျိန်း
(ဘောဂဗလ ဆီစက်နှင့်အထွေထွေရောင်းဝယ်ရေး)
(မကွေးမြို့)
အသက်(၇၈)နှစ်

မကွေးမြို့၊ မြို့မရပ်၊ ဘုရားလမ်း၊ အမှတ် ၂ နေ (ဦးစစ်ရပ်–ဒေါ်ကျင်မြိုင်)တို့၏သား၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဦးထွန်းအောင်လင်း(ထွန်းပြည့်စုံ အထွေထွေရောင်းဝယ်ရေး)–ဒေါ်ဖွေးဖွေး(ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးမြင့်သိန်း–ဒေါ်ယဉ်ယဉ်(သိန်း–ကုန်မျိုးစုံရောင်းဝယ်ရေး)၊ ဒေါ်ဘောဘီ(ခ)ဒေါ်မိမိ(မိ–အလှပြင်)၊ ဒေါက်တာတင်တင်လှ(မျက်စိအထူးကုဆရာဝန်၊ တောင်ငူပြည်သူ့ဆေးရုံ)၊ ဒေါက်တာဦးစိုးလင်း–ဒေါ်သင်းသင်း(ဖြူးမြို့)၊ဦးမောင်မောင်သွင်–ဒေါ်ယဉ်ယဉ်ဆွေ(ဘောဂဗလဆီစက်နှင့်အထွေထွေရောင်းဝယ်ရေး)၊ ဒေါ်မိုးမိုး(မိ–အလှပြင်)၊ ဦးညီညီလွင်–ဒေါ်ခင်အေးမွန်(ဘောဂဗလ ဆီစက်နှင့်အထွေထွေရောင်းဝယ်ရေး)၊ ဦးဝင့်သူ–ဒေါ်ခိုင်ခိုင်ဝင်း(ဘောဂဗလ ဆီစက်နှင့်အထွေထွေရောင်းဝယ်ရေး)၊ မကြည်ဇင်ထွန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂–၈–၂၀၀၄ရက် နံနက် ၆း၁၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၄ရက် ညနေ ၃ နာရီတွင် မကွေးမြို့သုသာန်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးစံထူး
အဖွဲ့ခွဲမှူး(ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန(ဝန်ကြီးရုံး)
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးစောမောင်–ဒေါ်ဌေးမယ်)တို့၏သား၊ (ဦးဌေးအောင်–ဒေါ်ရှုတင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဓာတိဂုဏ်လမ်း၊ အမှတ် ၁၂၉၉/၁၃၀၀၊ အခန်း ၀၂၊(မြေညီထပ်)နေ ဒေါ်ကြည်နွဲ့ (အထက–၁၊ ပုဇွန်တောင်၊ ငြိမ်း)၏ခင်ပွန်း၊ မောင်အောင်အောင်သန့်(ဆောက်လုပ်ရေးဝန်ကြီးရုံး)၏ဖခင်၊ ဦးအောင်သန်း–ဒေါ်မြမြတို့၏မောင်၊ ဦးမြတ်ကျော်–ဒေါ်ခင်ဌေးရီတို့၏အစ်ကိုသည် ၁၂–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်လှကြည်
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ဦးချစ်မောင်လမ်း၊ အမှတ် ၂၀၀နေ (ဦးသိန်း–ဒေါ်တင်)တို့၏သမီး၊ (မြူနီစီပါယ် ချယ်ယာမင်ဟောင်း ဦးလှ)၏ဇနီး၊ (ဦးမောင်ခင်–ဒေါ်အေးကြည်)တို့၏ညီမ၊ (ဦးလှမောင်–ဒေါ်ချစ်ရီ)၊ (ဒေါ်မြမြ)၊ ဗိုလ်မှူးစောဝင်း(ငြိမ်း)–ဒေါ်ခင်မြရီ၊ ဦးရဲထွဋ်–ဒေါ်သောင်းမြင့်တို့၏အစ်မ၊ဦးထွန်းအောင်–ဒေါ်လှမြင့်၊ (ဦးစိန်လှိုင်)–ဒေါ်ကျင်ရွှေ၊ ဒေါ်အုန်းရီ၊ မောင်ကျော်မျိုးလွင်၊ မောင်သန်းထိုက် (ယဉ်ပိုင်စိုး ကာပရိုက်တာ၊ တ/ဥ)–မလှခင်၊မောင်လင်းထိုက်အောင်၊ မသူဇာလှိုင်၊ မောင်နေမျိုး–မအေးအေးသန်းတို့၏အဒေါ်၊ မောင်တင်မောင်လှ၏မိခင်သည် ၁၂–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆း၁၀ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ လက္ခဏ (အင်္ဂပူ၊ ကံရွာ)
သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း(ရှမ်းလမ်း)၊ သီရိမင်္ဂလာ ရန်အောင်ကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တလက္ခဏသည် ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက် (၁၁–၈–၂၀၀၄ရက်)ဗုဒ္ဓဟူးနေ့ ည ၁၁း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၂ ရက် (၁၇–၈–၂၀၀၄ရက်) အင်္ဂါနေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) စျာပနကျင်းပရေးကော်မတီ။

ရဟန်းအမကြီး
ဒေါ်ညွန့်မေ (ထားဝယ်)
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်း၊ တိုက် ၃၊ အခန်း ၁၆ နေ(ဦးအောင်ငြိမ်း–ဒေါ်မဲ)တို့၏သမီး၊ ထားဝယ်မြို့၊ တလိုင်းထိန်ရပ်နေ (ဦးငွေချီ–ဒေါ်အေးကြွယ်)တို့၏သမီးချွေးမ၊ (ဦးစံမြင့်)(အကောက်ခွန်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ် ၉၊ ကီလီရိပ်သာနေ(ဒုတိယဗိုလ်မှူးကြီးစိုးတင့်)–ဒေါ်ခင်နုနု(ပထဝီ)တို့၏အစ်မ၊ ဒေါ်ခင်မာသီ(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ဒေါ်ဆွေဆွေမြင့်(ဌာနခွဲမှူး DMIP°၊အမှတ်–၂ စက်မှုဝန်ကြီးဌာန)တို့၏မိခင်၊ ဦးတင်အောင်(သစ်တော) – ဒေါ်ကြည်ညွန့်၊ ဦးကြင်မောင်–ဒေါ်သိန်းရှု၊ ဒေါ်စန်းဌေး၊ မမိမိညိမ်းတို့၏မေမေကြီးသည် ၁၁–၈–၂၀၀၄ရက် ညနေ ၆း၂၀ နာရီတွင် Green Cross ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ကန်၊ဇရပ်၊ ဒါယကာကြီး
ဦးဘစိုး(ခ)ဦးဘတုတ်
(ကျွဲခြံရွာ၊ မလှိုင်မြို့နယ်)
ဒို့ညီနောင်စာပေဖြန့်ချိရေး
အသက်(၇၇)နှစ်

မလှိုင်မြို့နယ်၊ ကျွဲခြံရွာနေ ဦးစိုးမင်း–ဒေါ်လှကင်းတို့၏သားကြီး၊(ဦးလှညွန့်)–ဒေါ်စန်းကြည်၊ ဦးဘအောင်–ဒေါ်ကြင်၊ (ဦးလှခိုင်)–ဒေါ်ခင်တုတ်၊(ဦးတင်မောင်–ဒေါ်ခင်ရှုတ်)၊(ဦးသိန်းဘို–ဒေါ်စန်းရီ)၊ ဒေါ်မြမှုံ၊ဦးတင်လှိုင်–ဒေါ်မြယုံ၊ ဦးကျော်စန်း–ဒေါ်စုစုဝင်းတို့၏အစ်ကိုကြီး၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ ကံ့ကော်လမ်း၊ အမှတ် ၁၇၇ နေ ဒေါ်သန်းမှီ၏ခင်ပွန်း၊အနန်းပင်တောရစာသင်တိုက်မှ ဦးဇေယျာနန္ဒ၏ ရဟန်းဒါယကာကြီး၊ ကိုမျိုးလွင်–မမြင့်မြင့်ထွေး၊ မခင်မာလွင်၊ ကိုဝင်းနိုင်–မခင်ထားရီ၊ ကိုအောင်ကျော်–မယုယုမွန်၊ ကိုတင်မောင်ဦးတို့၏ဖခင်၊ မစန်းစန်းဦး၊ မအေးအေးဆွေ၊ မစောစန္ဒီဦး၊ မောင်ပြည့်စုံဟိန်း၊မအိမ္မွန်ဖူးတို့၏အဘိုးသည် ၁၂–၈–၂၀၀၄ရက်(ကြာသပတေးနေ့) နံနက် ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ ရက်(စနေနေ့)နံနက်၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကံကြီး (ညောင်တုန်း)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်မြောက်ပိုင်း၊ ကံကော်လမ်း၊ အိမ်အမှတ် 8/A နေ(ဦးချမ်းမြ–ဒေါ်မြကြီး)တို့၏သား၊ ဒေါ်တင်လှ၏ခင်ပွန်း၊ ဒေါက်တာတင်ဝင်း(မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ အင်္ဂပူမြို့နယ်ဆေးရုံ)၏ဖခင်၊ မဖြူမိုးဇင်(ပထမပုဂ္ဂလိကဘဏ်)၊ မောင်ဘဏ်ဖြိုးဝင်းတို့၏အဘိုးသည် ၁၂–၈–၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ ၃း၃၀နာရီတွင်ကွယ်လွန်ပါ၍ ၁၄–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ကြီး
သူနာပြုဆရာမကြီး(ငြိမ်း)
(မြောင်းမြ)
အသက်(၇၅)နှစ်

မြောင်းမြမြို့နေ ဦးဖိုးသိန်း–ဒေါ်တင်တင်တို့၏သမီး၊ (ဦးမောင်မောင်တင်)၏ဇနီး၊ ဦးဇေယျာငြိမ်း–ဒေါ်ခင်မေတင်တို့၏မိခင်၊ မခိုင်ခိုင်ဇင် (Hon. U.C.S.Y)၊ မောင်ကျော်ဇင်လတ်၊ မဟေမာန်ဇေယျာ (နဝမတန်း–F၊ အထက–၁၊ ဒဂုံ)တို့၏ အဘွားသည် ရွှေပေါက်ကံမြို့သစ်နေအိမ်၌ ၁၁–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ည ၂၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

တသကြည်လွင်
(တပ်မတော်–ရေ)
အသက်(၃၃)နှစ်

အမှတ် ၁၂၀၊ သီဂီ ၃ လမ်း၊ မြောက်(၅)ရပ်ကွက်၊သာကေတမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကျော်စိုး–ဒေါ်စောမြိုင်)တို့၏သား၊ ဦးဆန်းတင့်–ဒေါ်ခင်သောင်းမြင့်(အောင်ဇမ္ဗူဟိန်း ကဖီး)၊ ဒေါ်ဌေးဌေးဝင်း၊ ဦးဆန်းဝင်း–ဒေါ်အေးအေးမူ၊ ဦးမြင့်ဆွေ–ဒေါ်စန်းစန်းမာ (ဇမ္ဗူကျော် ကဖီး)၊ ဦးခင်ဇော်–အေးအေးနွယ် (ဇမ္ဗူဇော် ကဖီး)၊ ဦးတင့်လွင်(ဇမ္ဗူဝင်းကဖီး)တို့၏ညီသည် ၁၁–၈–၂၀၀၄ရက် နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ကိုကိုးကျွန်းမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့)တွင် အထက်ပါ အမှတ် ၁၂၀၊ သီဂီ(၃)လမ်း၊ မြောက်(၅)ရပ်ကွက်၊ သာကေတမြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ညွန့်
(စာတိုက်) ရွှေဘိုမြို့
အသက်(၇၇)နှစ်

ရွှေဘိုမြို့ (ဦးဘိုးဒန်–ဒေါ်ဦး)တို့၏ သမီး၊ စစ်ကိုင်းမြို့ ဦးဖုန်းလွင် (ဦးစီးအရာရှိ၊ ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ဇနီး၊ ဦးနေဝင်း–ဒေါ်မေဇင်ညွန့်[ဆည်မြောင်း၊ဘူမိ(၂)ရုံး၊မန္တလေး]၊ ဦးသောင်းတင်လတ်–ဒေါ်ခင်မြင့်ချို (အောင်သုခ၊ ပရိဘောဂ၊ရွှေဘို)၊ ဦးအောင်ကျော်ဦး (ဆည်မြောင်း)–ဒေါ်ခင်ဖုန်းမို (တိုင်းစာရင်းရုံး၊စစ်ကိုင်း)၊ဦးဝင်းလွင်ဦး၊(မောင်မောင်၊ဆည်မြောင်း)–ဒေါ်မေအောင်ဝင်းတို့၏မိခင်၊ မသီရိလတ်သောင်း၊ မောင်အောင်အောင်ငြိမ်းချမ်း၊မဇွန်ဇာနေဝင်း၊ မောင်ဝင်းသူလတ်သောင်း၊ မသက်မြတ်နိုးဦး၊ မယမုံသဥ္ဇာတို့၏အဘွားသည် ၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၉–၈–၂၀၀၄ရက်တွင် စစ်ကိုင်းမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်လှိုင်
(ပဲခူး၊ နေလင်းယုန်ဆေးပေါ့လိပ်)
အသက်(၆၆)နှစ်

ပဲခူးမြို့၊ အမှတ် ၅၀၊ ပန်းဘဲတန်းလမ်း၊ ဇိုင်းဂနိုင်းတောင်ပိုင်းနေ ဦးဘညွန့်–ဒေါ်အုန်းရင်တို့၏သား၊ ဒေါ်ခင်စန်း၏ခင်ပွန်း၊ မောင်ကျော်ကျော်ဟိန်း–မခင်ထားအေး၊ မဥမ္မာခင်–မောင်ဌေးဝင်း၊ မောင်အောင်ကျော်မိုး–မစန်းစန်းအေး၊ မောင်ဖိုးလပြည့်–မအေးအေးမူတို့၏ဖခင်၊ မခင်ဖုန်းမေ၊ မစုမြတ်နိုးကျော်၊ မောင်ပြည့်ဟိန်းကျော်၊ မခင်အိန္ဒြေကျော်၊ မောင်ဟိန်းထက်ကျော်၊ မမြတ်နိုးခင်တို့၏အဘိုးသည် ၁၁–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ အနောက်ဖားကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကျော်ဇေယျ
မန်နေဂျာ(ငြိမ်း)၊မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး(မန္တလေး)
အသက်(၆၅)နှစ်

မန္တလေးမြို့၊ ပြည်ကြီးကျက်သရေ၊ သူဌေးတန်းရပ်နေ (ဦးကိုကိုကြီး–ဒေါ်သာတင့်)တို့၏သား၊ ဒေါ်တုတ်တုတ်၏ခင်ပွန်း၊ (ဦးသန်းထိုက်–ဒေါ်ခင်တုတ်တုတ်)၊ ဦးမောင်မောင် – ဒေါ်ခင်နုရီ၊ (ဦးလှထွန်းအောင်) – ဒေါ်ခင်ဆွေမြင့်၊ ဦးတင်ဝင်း–ဒေါ်ခင်မာရီ၊ ဒေါ်မြမြ–ဦးသန်းထွန်းအောင်–ဒေါ်စန္ဒာ၊ ဦးမျိုးမြင့်–ဒေါ်ခင်သန်းရီ၊ ဦးသံဒိုင်–ဒေါ်နှင်းနှင်းဝေတို့၏အစ်ကို/မောင်သည် ၁၁–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၆ နာရီတွင် ပြင်ဦးလွင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမောင်နှမတစ်စု။

ဒေါ်သန်းခင်
အသက်(၈၀)

အမှတ် ၁၂၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးဘိုးဟန်–ဒေါ်ငွေကိုင်တို့၏သမီး၊ (ဦးအောင်စီ)၏ဇနီး၊ အမှတ် ၈၀၊ ကွန်းရွှေတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးတင်ရီ–ဒေါ်စန်းရီ၊ ဦးအောင်မြင့်မြတ်–ဒေါ်မြမြသန်း၊ဦးသိမ်းဇော်–ဒေါ်ချစ်ချစ်တို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၂–၈–၂၀၀၄ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)
ဦးအေးသိန်း
ရာသက်ပန်–၄၆
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၇)ရပ်ကွက်၊ မြလမ်း၊ အိမ်အမှတ် ၅ နေ ဒေါ်တင်လှိုင်၏ခင်ပွန်းသည် ၁၂–၈–၂၀၀၄ရက်တွင် ကွယ်လွန်ပါသဖြင့် ၁၄–၈–၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

စုစုဝင်း(ခ)ဦးစိုးဝင်း
(မြောင်းမြမြို့)
အသက်(၆၃)နှစ်

မြောင်းမြမြို့၊ဦးဘချိုလမ်း(ဦးအစွန်–ဒေါ်လှိုင်ဝက်)တို့၏သား၊ ဟိုပင်မြို့နေ (ဦးဘအုန်း)–ဒေါ်ကြည်ညွန့်တို့၏သားသမက်၊ ဦးအဖေ့–(ဒေါ်ကျင်မြ)၊ ဦးဌေးလျှို–ဒေါ်ညွန့်ရှင်၊ ဦးစက်ချင်–(ဒေါ်မြကြည်)တို့၏မောင်၊ ဦးကျော်ဝင်း–ဒေါ်ညွန့်ချင်၊ ဒေါ်ယုယုလွင်၊ ဒေါ်ကျင်အေးတို့၏အစ်ကို၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ အိမ်အမှတ် ၁၂၆၊ ရွှေရတနာလမ်းနေ ဒေါ်ခင်စန်း၏ခင်ပွန်း၊ မောင်စိုးနိုင်ဦး၊ မလွှာကြည်ဖြူ(အလက–၄၊ တောင်ဒဂုံ)၊ မလွှာကြည်အေး၊ မမေသဇင်ထွေးတို့၏ဖခင်၊ တူတူမ ၁၆ ယောက်တို့၏ဦးလေးသည် ၁၂–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မဝါဝါဝင်း
အသက်(၃၃)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၅၂၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်လေးနေ (ဦးသိန်းကြည်)–ဒေါ်အေးဝင်းတို့၏သမီးကြီး၊ (ဦးမျိုးမြင့်)–ဒေါ်စန်းကြည်တို့၏သမီးချွေးမ၊ ကိုထွန်းထွန်းကျော်၏ဇနီး၊ (ကိုအောင်ဆန်းဦး)–မမာမာဝင်း၊ (ကိုကိုဦး)–မဥမ္မာစိုးတို့၏ညီမ၊ မကြည်ကြည်ဝင်း–ကိုမျိုးလှိုင်တို့၏အစ်မ၊ မဆုမြတ်နိုးရတနာ (အထက–၃၊ မတည)၏မိခင်သည် ၁၂–၈–၂၀၀၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၅၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၄–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်မောင်သွင်
(မိုင်းလုံမြို့)
အသက်(၆၇)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ကျောက်မဲခရိုင်၊ မိုင်းလုံမြို့၊ မြို့လယ်ရပ်နေ (ဦးပညာ–ဒေါ်မှုံ)တို့၏သား၊ (ဦးသင်–ဒေါ်နန်းအုံ)တို့၏သားသမက်၊ မိုင်းလုံမြို့နှင့် မန္တလေးမြို့၊ ကျွန်းလုံးဥဿျှောင်ရပ်၊ အမှတ် ၁၄၅၊ စစ်ကိုင်းလမ်းနေ ဒေါ်ခင်လှ၏ခင်ပွန်း၊ မိုင်းလုံမြို့နေ ဦးနန္ဒိယ၊ (ဒေါ်နန်းစိမ်း)၊ (ဦးသုစိန္တ)–ဒေါ်ရွှေလှ၊ကျောက်မဲမြို့နယ်၊(၆)ရပ်ကွက်နေ ဦးသုနန္ဒာ–ဒေါ်စိန်မြိုင်၊(ဦးဆုစိန္တ)–ဒေါ်ရွှေပုတို့၏ညီ၊ မိုးကုတ်မြို့၊ စည်ပင်သာယာအလယ်ရပ်နေ ဦးခင်မောင်ရင်–ဒေါ်ခင်နု၊ မိုင်းလုံမြို့နေ ဦးဘိုအေး–ဒေါ်ခင်ထူးဝေတို့၏အစ်ကို၊ ပြင်ဦးလွင်မြို့နေ ဦးမိုးအောင် – နန်းခင်နှင်းသီ(လဝန်းသော်တာ ဆောက်လုပ်ရေး)၊ မန္တလေးမြို့နေ စိုင်းအောင်မင်းသွင်–မစန်းစန်းတင့်(တော်ဝင်သဇင်ကုမ္ပဏီ)၊ မိုင်းလုံမြို့နေ စိုင်းဇော်မင်းသွင်–မအေးအေးအောင်(ခ)မအေးမိစံတို့၏ ဖခင်၊ ပြင်ဦးလွင်မြို့နေ မောင်တိုးလဝန်း၊ မမိုးသော်တာတို့၏အဘိုးသည် ၈–၈–၂၀၀၄ ရက်တွင်ကွယ်လွန်သွားပါသဖြင့် ၉–၈–၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃ နာရီတွင် ကြာနီကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးတင်လှ (ကျိုက်ပဒိုင်)
အသက်(၆၀)

ရန်ကုန်တိုင်း၊သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အပိုင်း ၁၊ ဇဋိလ ၁ လမ်း၊ အမှတ် ၉၇၀ နေ (ဦးကျော်ဇံ–ဒေါ်သန်းမြင့်)တို့၏သား၊(ဦးအေးမောင်–ဒေါ်ခင်ဖွား)တို့၏သားသမက်၊ ဒေါ်တင်သိန်း၏ခင်ပွန်း၊ ဒေါ်ကေသီနိုင်(တိုင်းကျန်းမာရေး)၊ဒေါ်စန္ဒာတင်(အမက–၂၊ ဒဂုံတောင်)၊ မစန်းစန်းလွင်၊ မအေးကေသွယ်၊ (မောင်မင်းဇော်အောင်၊ မြို့တော်စည်ပင်)၊ မောင်သိုက်ဇော်လင်းတို့၏ဖခင်သည် ၁၁–၈–၂၀၀၄ရက် နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းရင်
(မော်လမြိုင်ကျွန်းမြို့)
အသက်(၈၂)နှစ်

မော်လမြိုင်ကျွန်းမြို့နေ (ဦးမောင်ဆိုင်–ဒေါ်အုံးသင်)တို့၏သမီး၊ (ဦးသိန်းအောင်)–ဒေါ်မြ၊ ဒေါ်သီတို့၏ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုးရွှေမရပ်ကွက်၊ ၁၅၁ လမ်း၊ အမှတ် ၂၁ နေ ဦးလှဖေ–ဒေါ်ပိုက်ပိုက်၊ (ဦးကျော်စိန်–ဒေါ်ရီ)တို့၏အစ်မသည် ၁၁–၈–၂၀၀၄ ရက် ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၂–၈–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇–၈–၂၀၀၄ရက် (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးကျော်ဇေယျ
မန်နေဂျာ(ငြိမ်း)၊မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး(မန္တလေး)
အသက်(၆၅)နှစ်

မန္တလေးမြို့၊ အောင်တော်မူ၊ ရေနီမြောင်း၊ ရွှေမဲရိပ်သာနှင့် ပြင်ဦးလွင်မြို့၊ အမှတ် ၁၉/၂၄၊ ကလပ်လမ်းနေ ဒေါ်တုတ်တုတ်၏ခင်ပွန်း၊ (ဦးရန်ကြီးအောင်)၊ ဦးမောင်မောင်–ဒေါ်သီတာကျော်၊ (ဦးရန်လင်းအောင်)–ဒေါ်သန်းသန်းလွင်၊ ဦးထွန်းထွန်းအောင် (စက်မှုအင်ဂျင်နီယာဌာန၊ တပ်မတော်နည်းပညာတက္ကသိုလ်)–ဒေါ်အေးမင်းသန်းတို့၏ဖခင်၊ အာကာရဲလွင်၊ သက်မောင်မောင်ကျော်၊ ရွှန်းလဲ့သော်တာ၊ မြတ်သီတာမောင်တို့၏အဘိုးသည် ၁၁–၈–၂၀၀၄ရက် ညနေ ၆ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့ ရှစ်မိုင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းမြင့် (မော်လီ)
အလုပ်ရုံခွဲမှူး(ငြိမ်း)
အမှတ်(၁)၊အင်းစိန်၊စောင်စက်ရုံ
အသက်(၆၂)နှစ်

အမှတ် ၃/၁၊ ၁၄ (၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးထွန်းမြအောင် – ဒေါ်နှင်းရီတို့၏ သမီးကြီး၊ (ဦးဟန်သိမ်း)၏ဇနီး၊ ဦးကံလှဦး၊ ဒေါ်မူမူ၊ ဦးကျော်ဇော–ဒေါ်ခင်နွယ်ထွန်းတို့၏ အစ်မကြီး၊ မောင်ကျော်သူရဟန်၊ မောင်ဝင်းမင်းထွန်း(စည်ပင်ဦးစီး)–မမေမျိုးဟန်(စည်ပင်ဦးစီး)၊ မပြည့်ဖြိုးဟန်(ဆည်မြောင်းဦးစီး)တို့၏ မိခင်သည် ၁၂–၈–၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ၁၂း၂၅နာရီတွင်မြောက်ဥက္ကလာပဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တောင်ဥက္ကလာပမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဆွဲ့ခမ်းဟိန်း
(မူဆယ်မြို့)
အသက်(၇၉)နှစ်

မူဆယ်မြို့နေ (ဦးရန်မခ–ဒေါ်ထမ်းမွန်း)တို့၏သမီး၊တောင်ကြီးမြို့၊အေးသာယာနေ ဒေါ်သိန်းညွန့်၏အစ်မ၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ပေါ်ဆန်းမွှေးလမ်းမ၊ ရွှေဝါလမ်းသွယ်၊ အမှတ် ၁၂၂ နေ ဒေါ်နန်းရွှေအုန်၊ ဦးရဲထွဋ်–ဒေါ်နန်းရွှေကြည်၊ သပိတ်ကျင်းမြို့နယ်၊ဇရပ်ကွင်းနေ ဦးစိုင်းအိုက်လှိုင်–ဒေါ်နန်းခမ်းမွန်၊ မန္တလေးမြို့နေ ဦးစိုင်းထွန်းအေး–ဒေါ်နန်းနှင်းသက်၊ ဦးစိုင်းပန်းဆိုင် – ဒေါက်တာစွဲ့ညိုညိုအောင် (Fortune Hotel)၊ ဦးစိုင်းကျော်ဝင်း–ဒေါ်နန်းစိန်မြ၊ ဦးစိုင်းဘအောင်၊နန်းညိုညိုအေးတို့၏အဒေါ်၊ မြေး ၁၈ ယောက်တို့၏အဘွားသည် ၁၁–၈–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၃၀ နာရီတွင် သုဝဏ္ဏနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ရက်(သောကြာနေ့)ညနေ ၅ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (ရေနံချောင်း)
(တောင်ဒဂုံ
စည်ပင်အုပ်ချုပ်ရေးမှူး၊ငြိမ်း)
အသက်(၆၃)နှစ်

ရေနံချောင်းမြို့၊ ရွှေကြာငုံရပ်နေ (ဦးသော်–ဒေါ်မြမေ)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်လှိုင်–ဒေါ်ခင်စန်းမြင့်တို့၏သားသမက်၊ (ဒေါ်တင်အောင်)–ဦးထွန်းဝေ၊ ဒေါ်စန်းလွင်–ဦးစံသိန်း၊ ဦးစိမ်းလွင်တို့၏ညီ/မောင်၊ ဒေါ်မြင့်မြင့်–ဦးဌေးဦးဇော်၊ ဒေါ်မေကြည်–ဦးအောင်မောင်း၊ဗိုလ်မှူးဌေးလွင်–ဒေါက်တာခင်မကြီးတို့၏ အစ်ကိုကြီး၊ ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ဆွေဦး–ဒုတိယဗိုလ်မှူးကြီးကျော်မင်းဦး(ဆရကာ၊မင်္ဂလာဒုံ)၊ ဦးမိုးဇော်ဦး–ဒေါ်အေးအေးမွန်(ရွှေရောင်လွှင်ပြင်)၊ ဦးဇော်ဝင်းနိုင်(SAE° ကွမ်းချောင်း)၊တပ်ကြပ်ကြီးသိန်းအောင်ကြည်–ဒေါ်သင်းသင်းစိုး (တဆရ–၁၊ ခုတင်–၅၀၀)တို့၏ဦးလေး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၁၀ လမ်း၊ အိမ်အမှတ် ၄၁၁ နေ ဒေါ်တင်အေးချို၏ ခင်ပွန်းသည် အထက်ပါနေအိမ်၌ ၁၁–၈–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၈–၂၀၀၄ရက်(သောကြာနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(ခ)ကိုကျွတ်
(မော်လမြိုင်)
ကုန်းလမ်းပို့ဆောင်ရေး(ငြိမ်း)
အသက်(၇၀)

မော်လမြိုင်မြို့နေ ဦးဟုတ်ကြည်–ဒေါ်ဂိတ်တို့၏ ဒုတိယသား၊ ဒေါ်စန်းရီ၊ (ဦးဝင်းမြင့်)–ဒေါ်အုံတို့၏ ညီ/မောင်၊ (ဒေါ်သောင်းရွှေ)၊ ဒေါက်တာခင်ခင်ဝင်း၊ ဦးစစ်ဝန် – ဒေါက်တာအေးအေးသန်း၊ ဒေါ်အေးအေးသိန်းတို့၏အစ်ကို၊ အမှတ် ၂၆–ဘီ(၁)၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်နေ ဒေါ်ခင်ပြုံးဝင်း၏ခင်ပွန်း၊ မောင်ကျော်ကျော်၊ ဦးကျော်စိုး–ဒေါ်သွယ်သွယ်ဝင်းတို့၏ဖခင်၊ မသရဖီစိုး၏ အဘိုးသည် ၁၁–၈–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၈–၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [အမှတ် ၂၆ ဘီ(၁)၊ သီရိမင်္ဂလာရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ် နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု။

မောင်ညီညီသူ
အသက်(၃၂)နှစ်

ရန်ကုန်မြို့၊ တိုက် ၁၂၉၊ အခန်း ၆၊ (၄)ရပ်ကွက်၊ ငါးလုံးတန်း၊ ရန်ကင်းမြို့နယ်နေ (ရဲမှူးကြီးဦးလှစိန်–ဒေါ်မေဂီ)တို့၏မြေး၊ ဒေါ်မြသိန်း၊ (ဦးလှမျိုးတင့်–ဒေါ်တင်တင်ဝင်း)တို့၏သား၊ ဦးလှစိုးလွင်–ဒေါ်လီလီမာ၊ ဦးလှဦးမြင့်–(ဒေါ်တင်နုရီ)တို့၏တူ၊ ဒေါ်ခင်ရွှေ၊ ဦးကိုကိုအောင် (Manager Micasa Hotel) – ဒေါ်ခင်စန်းလှ(ခ)ခင်ဌေးငြိမ်း (AFC, Pansea Angkor Hotel, Siem Reap)၊ ဦးကိုကိုသူ(ဒု–စုံမှူး၊ စစစ၊ ရန်ကုန်တိုင်း) – ဒေါ်ခင်ခင်ရီ (Tong Tah Co.,Ltd.)တို့၏ ညီ/မောင်၊ မမျိုးမမဝင်း (ACE Data Systems)၊မောင်သက်ထွန်းအောင်ဝင်း (ACE Data Systems)တို့၏ အစ်ကို၊မောင်ဟိန်းထက်အောင်(ရန်ကင်း၊ TTC)၊ မမိုးနဒီလှိုင်း(ရန်ကင်း၊ TTC) တို့၏ဦးလေးသည် ၁၂–၈–၂၀၀၄ရက် နံနက် ၁၀း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၄–၈–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို နားလည်မှုရှိစွာ ထောက်ခံအားပေး၍ ကျေးဇူးတင် အာဆီယံအဖွဲ့အတွင်း သွေးစည်းညီညွတ်ရေးနှင့် ခိုင်မာတောင့်တင်းရေး အာဆီယံနိုင်ငံများနှင့်လက်တွဲမည်

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

အာဆီယံအဖွဲ့ ခိုင်မာစွာပေါင်းစည်းဖြစ်ပေါ်ရေး မိမိတို့နှစ်နိုင်ငံ ပူးပေါင်းလုပ်ကိုင်သွားမည် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်ရေး အခိုင်အမာရပ်တည်မည်

ကမ္ဘောဒီးယား ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၏ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယန်ကျင်းမြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းအထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဆီးကြိုနှုတ်ဆက်

လေယာဉ်ပေါ်မှဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက လေယာဉ်လှေကားထိပ်မှ ဆီးကြိုနှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် သီချင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတော်သီချင်းတို့ကိုတီးမှုတ်ကြသည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ့ဒီမိုကရေစီအရေးကို အမေရိကန်အစိုးရက ဦးစားပေးသယောင် နိုင်ငံတကာက ထင်မှတ်လာဖို့ဖြစ်

သတင်း ဆောင်းပါး အညွှန်း

ဒီကနေ့ မြန်မာနိုင်ငံအပေါ် အမေရိကန်တို့ စီးပွားရေး ပိတ်ဆို့ အရေးယူရာတွင် အဝတ်အထည်နဲ့ ဖိနပ်တင်ပို့မှုတွေကို ဦးစားပေးပိတ်ပင်နေမှုဟာ (၁)သူတို့နိုင်ငံက အဝတ်အထည်နဲ့ ဖိနပ်လုပ်ငန်းရှင်တွေရဲ့ ဈေးကြီးတဲ့ ထုတ်ကုန်ပစ္စည်းတွေထက် မြန်မာနိုင်ငံကတင်ပို့တဲ့ အဝတ်အထည်တွေနဲ့ ဖိနပ်တွေဟာ ဈေးချို အရောင်းသွက်တဲ့အတွက် အကျပ်အတည်းဆိုက်နေတဲ့ အမေရိကန်လုပ်ငန်းရှင်တွေအလိုကျ တစ်ဖက်သတ် ပိတ်လိုက်တာဖြစ်ပါတယ်။ (၂) အဲဒီလို ပိတ်ပင်လိုက်တဲ့အတွက် အမေရိကန်သမ္မတများနဲ့ လွှတ်တော်အမတ်များဟာ ရွေးကောက်ပွဲမှာ လုပ်ငန်းရှင်တွေရဲ့ထောက်ခံမဲရဖို့ဖြစ်ပါတယ်။ (၃) မြန်မာနိုင်ငံမှ အစိုးရဆန့်ကျင်တဲ့ အင်အားစုတွေရဲ့ ထောက်ခံမှုကိုလဲရပြီး နိုင်ငံတကာကလဲ မြန်မာ့ဒီမိုကရေစီအရေးကို အမေရိကန်အစိုးရ က ဦးစားပေးဆောင်ရွက်နေသယောင် ထင်မှတ်လာဖို့ဖြစ်ပါတယ်။

အောင်မိုးစံ၏ "မြန်မာနိုင်ငံကပို့တဲ့ အဝတ်အထည်နဲ့ဖိနပ်များကို အမေရိကန်တို့ ပိတ်ဆို့နေမှုဟာ ဘယ်သူ့အတွက်လဲ" ဆောင်းပါး စာ-၁၀